ကြေးမုံ

The Mirror

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ တနင်္လာနေ့၊ (21-5-2007) (၅၃၂၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၏ ကိုယ်ရေးအကျဉ်းချုပ်

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်
ဆမ်ဒက် ဟွန်ဆင်။

နေပြည်တော် မေ ၂၁

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်သည် ၁၉၅၂ ခုနှစ် ဩဂုတ် ၅ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ကမ်ပေါင်ချမ်းပြည်နယ် စတောင်းထရန်းခရိုင် ပီရမ်ကိုးဒေသ၌ မွေးဖွားခဲ့သည်။

ယင်းဒေသတွင် မူလတန်းအထိ သင်ကြားခဲ့ပြီးနောက် ၁၉၆၅ ခုနှစ်တွင် ဖနောင်ပင်မြို့သို့ သွားရောက်ကာ အလယ်တန်းနှင့် အထက်တန်းပညာများကို ဆက်လက်သင်ကြားခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ စစ်ဘေးနှင့်ကြုံခဲ့ရသဖြင့် ၎င်းသည် အသက်(၁၈)နှစ်အရွယ်တွင် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် စတင်ပါဝင်ခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၁၉၇၅ ခုနှစ် ဧပြီ ၁၇ ရက်တွင် လွတ်မြောက်မှုရရှိခဲ့သည်။

အောင်ပွဲမတိုင်မီ တစ်ရက်အလိုဖြစ်သည့် ၁၉၇၅ ခုနှစ် ဧပြီ ၁၆ ရက်တွင် ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်သည် ဘယ်ဘက်မျက်လုံး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ဆေးကုသမှုခံယူပြီး များမကြာမီတွင် ဝန်ကြီးချုပ်သည် ဘန်းရာနီနှင့် အိမ်ထောင်ကျခဲ့သည်။ ၎င်းတို့တွင် သားသုံးဦးနှင့် သမီးသုံးဦးတို့ ရှိသည်။

ပေါလ်ပေါ့အစိုးရ၏ အစုလိုက် အပြုံလိုက် သတ်ဖြတ်သည့်မူဝါဒကို တွေ့မြင်ခဲ့ရသည့်အခါ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် သည် ကမ္ဘောဒီးယားနိုင်ငံနှင့် ပြည်သူတို့အား ကယ်တင်ရန်အတွက် ၁၉၇၇ ခုနှစ်တွင် လွတ်မြောက်ရေးလှုပ်ရှားမှုကို ဦးဆောင်ကြိုးပမ်းခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ဆမ်ဒက်ဟွန်ဆင်သည် ကမ်ပူးချားအမျိုးသားကယ်တင်ရေးတပ်ပေါင်းစု (UFNSK)ကို ဦးဆောင်ဖွဲ့စည်း တည်ထောင်သူများတွင် တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ အခြားမျိုးချစ်တပ်ဖွဲ့များနှင့် ပူးပေါင်း၍လည်းကောင်း၊ ဗီယက်နမ် အပျော်တမ်း တပ်ဖွဲ့များ၏ ပံ့ပိုးမှုကြောင့်လည်းကောင်း UFNSK အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံနှင့် ပြည်သူများအား ဒီမိုကရက်တစ် ကမ်ပူးချား အစိုးရလက်ထဲမှ ၁၉၇၉ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ကယ်တင်နိုင်ခဲ့သည်။

ဆမ်ဒက်ဟွန်ဆင်သည် ၁၉၇၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ကမ္ဘောဒီးယားနိုင်ငံ၏ အုပ်ချုပ်မှုယန္တရားတွင် ရာထူးမျိုးစုံဖြင့် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၎င်းသည် ၁၉၇၉ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၈၅ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့စဉ် ကမ္ဘောဒီးယားနိုင်ငံတွင် ငြိမ်းချမ်းမှုရရှိရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သည့်အခြေခံတို့ကိုတည်ဆောက်ပေးနိုင်ခဲ့ပြီး သိသာထင်ရှားသော အောင်မြင်မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဟိုပန်မြို့နယ် ပန်လုံနှင့် နမ့်တစ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ကွမ်းလုံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်မြင့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်း သံလွင်အရှေ့ခြမ်းဒေသနှင့် အနောက်ခြမ်းဒေသတို့ကို ဆက်သွယ်ထားသော ကွမ်းလုံကြိုးတံတားနှင့် ကွမ်းလုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကွမ်းလုံ–ကောင်းကဲ–နမ့်ဟူးကားလမ်းအတိုင်း လမ်းပိုင်းအခြေအနေနှင့် လမ်းဘေးဝဲ/ယာ ရော်ဘာနှင့် လိုင်ချီးစိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နမ့်တိန်းတံတားသို့ ရောက်ရှိကြပြီး နမ့်တိန်းချောင်းပေါ်၌ တည်ဆောက်ထားသော နမ့်တိန်းတံတား၏ ကြံ့ခိုင်မှုအခြေအနေများကို တံတားကြီးပေါ်မှ မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နမ့်တိန်းတံတားမှာ အလျား ၄၃၂ ပေ၊ အကျယ် ၁၆ ပေနှင့် ခံနိုင်ဝန်မှာ တန်ချိန် ၃၆ တန်ရှိပြီး လားရှိုး–ကွမ်းလုံမြို့များနှင့် သံလွင်မြစ်အရှေ့ခြမ်း ‘ဝ’ဒေသများဖြစ်ကြသည့် မိုင်းမော၊ နမ့်တစ်၊ ပန်လုံ၊ ပန်ကောက်၊ ခြူးရွှေဒေသများနှင့် ဆက်သွယ်ရေးတွင် အရေးပါသော တံတားတစ်စင်းဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻

ဂုဏ်ပြုလက်ဆောင်ပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ပန်လုံဒေသမှ ရပ်မိရပ်ဖများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ၊ အဝတ်အထည်များနှင့် ကျောင်းသုံး ဗလာစာအုပ်များကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၁-၅-၂၀၀၇
(တနင်္လာနေ့)

တစ်ကိုယ်ရေကျန်းမာမှု အစဉ်ဂရုပြု ကျန်းမာရေး အသိပညာပေးမှုများ သတိပြုလိုက်နာ

ယခုအခါ မိုးဦးရာသီ ကျရောက်လာပြီဖြစ်ရာ နေ့စဉ်စားသောက်သော အစားအစာများမှတစ်ဆင့် ကူးစက်ရောဂါများ မဖြစ်ပွားစေရန် စနစ်တကျ နေထိုင်စားသောက်ကြရမည်ဖြစ်သည်။ မိုးဦးကျနှင့် မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ၊ အသည်းရောင် အသားဝါရောဂါ၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားရောဂါ၊ တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါများ ဖြစ်ပွားတတ်သည်။

အဆိုပါရောဂါများသည် အများအားဖြင့် ရာသီစာ အမှည့်လွန်အသီးများ၊ ယင်နားစာများ၊ မသန့်ရှင်းသော အစားအစာများ စားသုံးမိခြင်းကြောင့် ဖြစ်ပွားတတ်သည်။ ထို့ကြောင့် သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီး၊ ဒူးရင်းသီးများ စားသုံးရာတွင် အမှည့်လွန်နေပါက စားသုံးခြင်းမှ ရှောင်ကြဉ်ကြရမည်။

ရာသီဥတု အပူအအေး အပြောင်းအလဲကြောင့် အပူရှပ်ခြင်း၊ အအေးပတ်ခြင်း မဖြစ်စေရန် သတိပြု၍ သွားလာကြရမည်ဖြစ်သည်။ ထို့အပြင် မိမိနေထိုင်ရာ ရပ်ကွက်အတွင်း ရေအိုင်ရေဗွက်များ၊ ရေမြောင်းပိတ်ခြင်းများ၊ ချုံနွယ်ပိတ်ပေါင်း ထူထပ်ခြင်းများ မဖြစ်စေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ခြင်၊ ယင် နှိမ်နင်းရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့အပြင် ရေကိုကျိုချက်၍သောက်ခြင်း၊ လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူနွေးစွာ ချက်ပြုတ်စားသုံးခြင်းတို့ဖြင့် ဘက်တီးရီးယား၊ ဗိုင်းရပ်စ်၊ မှိုနှင့် ကပ်ပါးပိုးများကြောင့် ရောဂါဝင်ရောက်မှုများမှ ကာကွယ်နိုင်မည်ဖြစ်သည်။

ပြည်သူတစ်ရပ်လုံးအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက အချိန်ရာသီအလိုက် ထုတ်ပြန်ထားသော အသိပညာပေး နှိုးဆော်ချက်များနှင့်အညီ စနစ်တကျ နေထိုင်သွားလာခြင်း၊ သန့်ရှင်းသည့်ရေနှင့် အစားအစာများကို ဆင်ခြင်စားသောက်ခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ကြခြင်းဖြင့် လူတိုင်းလူတိုင်း ကျန်းမာခြင်းသုခနှင့် ပြည့်စုံကြမည်ဖြစ်ပါသည်။ ။

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းယားလမ်းနေ ကပ္ပတိန်မျိုးဇင်မောင်၊ ဒေါက်တာအေးအေးခင်နှင့် သမီး မသဲသက်နှင်းဇင်၊ သား မောင်အောင်ခန့်ကောင်းဇင် မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ပြည်တော်သာ) အရှင်စန္ဒန (မွှာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လှိုင်သာယာမြို့နယ် ရေစီးရေလာကောင်းမွန်ရေး တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း လုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း လှိုင်သာယာမြို့နယ်အတွင်း သန့်ရှင်းရေး၊ ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူးသည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှေ့သို့ ရောက်ရှိလာပြီး မြို့နယ်အတွင်း ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူတို့စုပေါင်း၍ သန့်ရှင်းရေး၊ ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးသည် လှိုင်သာယာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိလာရာ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က တိုင်း၊ ခရိုင်၊ မြို့နယ်များအတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လှိုင်သာယာမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန် ဒေါက်တာကြည်စန်းထက်က မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် လှိုင်သာယာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမျိုးသိန်းက ရေစီးရေလာကောင်းမွန်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) နာယကချုပ်ဆရာတော် အမှူးပြုသည့် သံဃာတော်များ ရပ်ကွက်များအတွင်း ဆွမ်းခံကြွရောက်တော်မူ

ရန်ကုန် မေ ၂၀

သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)မှ နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ပဏ္ဍိတာ ဝရာဘိဝံသအမှူးပြုသော သင်ကြားစီမံ ဆရာတော်များ၊ စတုတ္ထနှစ်သင်တန်းသား သံဃာတော်များ စုစုပေါင်း အပါး ၁၀၀ ခန့်သည် မန္တလေးမြို့ အောင်မြေသာစံ မြို့နယ်အတွင်းရှိ ဂေါစရဂါမ် ရပ်ကွက်များသို့ မေ ၁၅ ရက် နံနက် ၇ နာရီက ဘုရားရှင်အလိုကျ ဝိနည်းတော်နှင့်အညီ ဆွမ်းခံကြွရောက်တော်မူကြရာအောင်မြေသာစံမြို့နယ်ဒေါနဘွား ရပ်ကွက်အတွင်းရှိ ၆၂ လမ်း၊ ၁၉ လမ်း၊ ဧရာက်လမ်း၊ (၆၆) ကျုံးလမ်း တစ်လျှောက်မှ ရပ်မိရပ်ဖ စေတနာရှင် ပြည်သူများ၊ ဘာသာရေးနှင့် လူမှုရေး အသင်းအဖွဲ့များ၊ အရှေ့ပြင်အိမ်ရာ စခန်း ဝန်ထမ်းမိသားစုများ၊ အလုပ်သမားဆေးရုံကြီး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် မှုခင်းသတင်းတပ်ဖွဲ့ (အထက်မြန်မာပြည်)မှဝန်ထမ်းမိသားစုများက ဆွမ်းခဲဖွယ် ဘောဇဉ်များနှင့် နဝကမ္မ အလှူငွေများကို သဒ္ဓါစွမ်းအားအလျောက် ဝမ်းမြောက်ကြည်နူးစွာ သပတ္တိကဒါနမြောက် ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ဆွမ်းခံကြွရာလမ်းတစ်လျှောက် အဆင်ပြေချောမွေ့စေရန် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိန်နှင့် ဝန်ထမ်းများ၊ အောင်မြေသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ဒေါနဘွားရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ပြည်သူ့စွမ်းအားအဖွဲ့ဝင်များက လိုက်ပါဆောင်ရွက်ပံ့ပိုးပေးကြသည်။

နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)မှ ဆရာတော်၊ သံဃာတော်များသည် အပတ်စဉ် ဥပုသ်နေ့တိုင်း သတ်မှတ်ထားသည့် ဂေါစရဂါမ်ရပ်ကွက် အသီးသီးသို့ အလှည့်ကျ ဆွမ်းခံကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ (ရွှေသင်္ဂီရတနာမွှာရုံ ၉၈၊ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်)သို့ ဦးဆန်းဝင်း ရတနာပုံ တံတားဆောက်လုပ်ရေး (စစ်ကိုင်း)ထံမှ ပေးပို့လှူဒါန်းငွေကျပ် ၁၀၀၀၀၀ ကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာအောင်ကိုဦး လက်ခံရယူစဉ်။ (က-ပ)

ဘုန်းတော်ကြီးသင်ပညာရေးကောလိပ် နှစ်နှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာ ထုတ်ယူနိုင်

ရန်ကုန် မေ ၂၀

ဘုန်းတော်ကြီးသင်ပညာရေးကောလိပ် ဆရာဖြစ် နှစ်နှစ်သင်တန်းကို ဇူလိုင် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုကြသော ရဟန်း၊ သာမဏေ၊ သီလရှင်များသည် အစိုးရပထမလတ်တန်းနှင့် အခြားအဆင့်တူစာမေးပွဲ အောင်မြင်ပြီးသူ ဖြစ်ရမည်ဖြစ်ပြီး ဝင်ခွင့်လျှောက်လွှာများကို မေ ၅ ရက်မှ ဇွန် ၅ ရက်ထိ သံဃတက္ကသိုလ်(ရန်ကုန်)တွင် ထုတ်ယူနိုင်ပြီး ဇွန် ၂၀ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

(က-ပ)

အလုပ်မရှိ သန်းရှာနေကြသူများ

သင်ကိုယ်သူ

တကယ်တော့ နေ့စဉ်ထုတ်သတင်းစာများ၏ စာမျက်နှာများပေါ်မှ ဆောင်းပါးမရေးလိုပါ။ သို့သော် ယခုတော့ မရေးလျှင် မဖြစ်တော့သည့် အကြောင်းက ပေါ်လာချေပြီ။ ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားများ သိစေချင်သည့် စေတနာဖြင့်ရေးလိုက်ရပါသည်။

၃-၅-၂၀၀၇ ရက်နေ့ ညက ပြည်ပအသံလွှင့်ဌာနတစ်ခုဖြစ်သော DVB မှ ထုတ်လွှင့်သွားသည့် သတင်းတစ်ပုဒ်ကို တင်ပြပါရစေ။ ထိုသတင်းတွင် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးအနက် စာရိတ္တ အနိမ့်ကျဆုံး နိုင်ငံငါးနိုင်ငံ၌ မြန်မာနိုင်ငံပါဝင်နေကြောင်း၊ ထို့ကြောင့် ယင်းနိုင်ငံငါးနိုင်ငံတွင် မြန်မာနိုင်ငံသည် အောက်ဆုံးနိုင်ငံမဖြစ်သဖြင့်တော် သေးကြောင်း၊ ထိုသို့ အောက်ဆုံးအနိမ့်ကျဆုံးနိုင်ငံ မဖြစ်စေရန် အမျိုးသား နိုင်ငံရေးအမည်ခံ ပုဂ္ဂိုလ်တစ်ဦးက နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများထံ သြဝါဒညွှန်ပြပေးပါရန် လိုက်လံလျှောက်တင်နေကြောင်း ထုတ်လွှင့်သွားခဲ့ပါသည်။

ဘယ်အဖွဲ့အစည်းက ဘယ်ပေတံနှင့်တိုင်းပြီး ဘယ်လိုစစ်တမ်း ထုတ်လိုက်သည်မသိ၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအား အကြီးအကျယ် စော်ကားလိုက်ခြင်းပင်ဖြစ်သည်။ ထိုသတင်းကို နိုင်ငံခြားအသံလွှင့်ဌာနမှ မြန်မာလူမျိုးများကလည်း ဂုဏ်ယူဝင့်ကြွားစွာ ထုတ်လွှင့်သည်။ ပြည်တွင်းမှ မြန်မာလူမျိုးတစ်ဦးကလည်း ကိုယ့်ဘာသာဝင်၊ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်အား စော်ကားနေသည်ကို သာသနာ့အာဇာနည် အရှင်သူမြတ်များထံ လိုက်လံလျှောက်တင်ဝံ့သည်။

ထိုအဖွဲ့အစည်း၊ ထိုအသံလွှင့်ဌာနနှင့် ထိုလိုက်လံလျှောက်တင်နေသူတို့ကို "အလုပ်မရှိ သန်းရှာနေသူများ"ဟု ခပ်ရိုင်းရိုင်းပင် ကင်ပွန်းတပ်ပေးလိုက်ချင်သည်။ ထိုအဖွဲ့အစည်းကို (MR. သန်းရှာသူများ)ဟုလည်းကောင်း၊ ပြည်ပအသံလွှင့်ဌာနမှ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများကို (ကိုသန်းရှာသူများ)ဟုလည်းကောင်း၊ ပြည်တွင်းမှ အလုပ်မရှိ သန်းရှာသူကိုတော့ (ဦးသန်းရှာသူ)ဟု လည်းကောင်း ဆက်လက်ခေါ်တွင်သုံးစွဲသွားပါမည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၅ သန်းကျော်ရှိပါသည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူများအား မိမိတို့ယုံကြည်ရာ ဘာသာတရားများအား လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ပိုင်ခွင့်ပြုထားရာ လူဦးရေ ၉၀ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာဝင်များဖြစ်ပါသည်။ ထိုသို့ဆိုလျှင် မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာဝင်အများစုနေထိုင်ရာ နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ထင်ရှားပေသည်။

ထေရဝါဒဗုဒ္ဓဘာသာ အထွန်းကားဆုံး နိုင်ငံဖြစ်သည့်အလျောက် **"ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး"**အား ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ရန်ကုန်မြို့ရှိ သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက တာဝန်ယူကြီးမှူး၍ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

နိုင်ငံပေါင်း ၃၈ နိုင်ငံမှ ဗုဒ္ဓဘာသာ ဥက္ကဋ္ဌဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ် ဘုန်းတော်ကြီးများ၊ သံဃာတော်များ၊ သီလရှင်များ၊ ဗုဒ္ဓဘာသာခေါင်းဆောင်များ၊ နိုင်ငံခေါင်းဆောင်များ၊ အထက်တန်းဗုဒ္ဓဘာသာသုတေသီများ၊ ပညာရှင်များနှင့် လေ့လာသူများ တက်ရောက်ခဲ့ကြပါသည်။

"If you want to see Living Buddhism, go to Myanmar" **(သက်ဝင်ရှင်သန်နေတဲ့ ဗုဒ္ဓဘာသာကို မြင်တွေ့ချင်ရင် မြန်မာပြည်ကိုသွားပါ)**ဟူသည့် နိုင်ငံခြား သုတေသီတို့၏ အဆိုအမိန့်များကိုလည်း "ထေရဝါဒ ဓမ္မစာစောင်" အတွဲ(၁) အမှတ်(၃)တွင် ပါရှိသော ပါမောက္ခ ဒေါက်တာမင်းတင်မွန်၏ **"ကမ္ဘာတစ်ဝန်း သာသနာတော်ထွန်းတောက်ရေး ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ"** ဆောင်းပါး၌ လေ့လာဖတ်ရှုခဲ့ရဖူးပါသည်။ ထိုသို့ဆိုလျှင် မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားရာ နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားဖွယ်တည်ရှိနေကြောင်း ထင်ရှားလှပေသည်။

ထေရဝါဒဗုဒ္ဓဘာသာ၏ အနှစ်သာရများကို စစ်တမ်းထုတ်သည့် အဖွဲ့မှ (MR. သန်းရှာသူများ)၊ ပြည်ပအသံလွှင့်ဌာနမှ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုး (ကိုသန်းရှာသူများ)နှင့် ပြည်တွင်းမှ NLD ပါတီဝင် ဗုဒ္ဓဘာသာမြန်မာလူမျိုး (ဦးသန်းရှာသူ)တို့ သိရှိရန် အကျဉ်းမျှဖော်ပြပါအံ့။

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရား၊ တရား၊ သံဃာတည်းဟူသော သရဏဂုံသုံးပါးကို ဆောက်တည်ကြသည်။ အနန္တောအနန္တ ငါးပါးကို ဆည်းကပ်ပူဇော် ကိုးကွယ်ကြသည်။ ငါးပါးသီလကို စောင့်ထိန်းကြသည်။ ကံကံ၏အကျိုးကို ယုံကြည်ခံယူကြသည်။ သီလ၊ သမာဓိ၊ ပညာတို့ဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာအမှန် မြတ်နိဗ္ဗာန်ကိုရည်စူး၍ ဝိပဿနာတရားများကို စီးဖြန်းပွားများကျင့်ကြံ အားထုတ်ကြသည်။ ဤမျှလောက်ကောင်းမြတ်သော တရားများကို လက်ကိုင်ပြု၍ ယုံကြည်သက်ဝင်နေသော ဗုဒ္ဓဘာသာဝင်အများစုနေထိုင်ရာ မြန်မာနိုင်ငံအား စာရိတ္တအနိမ့်ကျဆုံး ငါးနိုင်ငံစာရင်း သွတ်သွင်းကြသည်ကို နားမလည်နိုင်ပါ။ ရှင်းပါသည်။ ၎င်းတို့သည် မိစ္ဆာဒိဋ္ဌိများဖြစ်နေကြခြင်းကြောင့်ပင်ဖြစ်သည်။ အယူအဆ မှားယွင်းနေကြသူများဖြစ်သည်။ ထိုအယူအဆ မှားယွင်းနေကြသော မိစ္ဆာဒိဋ္ဌိများအား အခါအခွင့်သင့်၍ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ **"ကဲ့ရဲ့ ချီးမွမ်းရာမှာ သတိထားရမည့် သတိတရား"**ဆိုင်ရာ အဆုံးအမလင်္ကာလေးကို ဖော်ပြပါအံ့။

သဒ္ဓါလွန်ကဲ ပညာနည်း တလွဲယုံတတ်သည်။
ပညာလွန်ကဲ သဒ္ဓါနည်း စဉ်းလဲကောက်ကျစ်သည်။
သတိတရား ထိုနှစ်ပါး စွမ်းအားညှိပေးသည်။

တဲ့ မှတ်သားကြရန် လိုအပ်ပေသည်။ အထူးသဖြင့် (ကိုသန်းရှာသူများ) နှင့် (ဦးသန်းရှာသူ)တို့ အထူးသင်ခန်းစာယူ မှတ်သားသင့်ကြသည်။ ဘယ့်နဲ့...ကိုယ့်ဘာသာ၊ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်ကို စော်ကားတဲ့ အကြောင်းကို ဂုဏ်ယူဝင့်ကြွားစွာ ထုတ်လွှင့်သူကလည်း ထုတ်လွှင့်၊ သာသနာ့တာဝန် ထမ်းဆောင်နေသည့် ဆရာတော်ကြီးများထံ လိုက်လံလျှောက်တင်သူကလည်း လျှောက်တင်ရဲတာ အင်မတန်ရှက်ဖွယ်ကောင်းပါသည်။ (MR.သန်းရှာသူများ) (ကိုသန်းရှာသူများ)နှင့် (ဦးသန်းရှာသူ)တို့ သုံးဦးသုံးဖလှယ် မသူတော် အချင်းချင်း သတင်းလွှဲ့လွှဲ့ပေါင်းဖက်တွေ့နေကြသည်ကို ကြားရတော့ မိမိဖတ်ရှုမှတ်သားခဲ့ရသော **"သုံးကောင်ဖြစ်သွားကြသူများ"** အကြောင်းကို သတိရလာမိသဖြင့် မသူတော်သုံးဦးအတွက် လက်ဆောင်လေး ပေးလိုက်ပါဦးမည်။

အရှင်ဇဝန (မေတ္တာရှင်)ရွှေပြည်သာရေးသားပြုစုတော်မူသော **"ဘဝနှင့် ရင်းရသော အတွေးအမြင်များ"** အတွဲ(၁)စာအုပ်မှ စာမျက်နှာ (၁၂၂)၌ **"သုံးကောင်ဖြစ်သွားကြသူများ"** ခေါင်းစဉ်ငယ်ဖြင့် ဆုံးမတော်မူထားသောစာပိုဒ်တွင် အင်းဝခေတ်က တောင်ဖီလာဆရာတော်ကြီးသည် ခွေးများကို အစာကျွေးရင်း ကြီးသောခွေးက ငယ်သောခွေးကို အနိုင်ကျင့်ပြီး ကိုက်သောအခါ တဟဲ့ဟဲ့ဖြင့် မောင်းနေရ၏။ တချို့ ခွေးကြီးများကား ဘယ်လောက်မောင်းမောင်းမရ၊ ပိုဆိုးလာ၏။ ထိုအခါ ဆရာတော်ကြီးသည် စိတ်တိုသွားသဖြင့် တောင်ဝှေးကို ကိုင်မြှောက်ရင်း "တယ်...ဒီခွေးတွေ ရိုက်လိုက်ရ ငါပါသုံးကောင်ဖြစ်သွားရော့မယ်" ဟု ညည်းတွားရှာလေသည်။

ပညာရှိတို့မည်သည် သတိနှင့်ဆုံးမတရားကို တစ်ပြိုင်နက်ဖြစ်ပေါ်စေကြောင်း ပညာပေးထားသည်။ ဆက်လက်၍ အရှင်ဇဝနက "အများမိုးခါးရေသောက်လို့ ကိုယ်လည်းသောက်တာ ကောင်းပါတယ်"ဆိုပြီး မကောင်းမှုတွေလုပ်မိကြ၍ မိမိကိုယ်ကို သုံးကောင်ဖြစ်စေသူများ အကြောင်း ရေးသားထားသည်ကို သတိရမိသဖြင့် အခုလည်း သုံးကောင်အတိ ဖြစ်နေသောကြောင့် စိတ်ထဲမှ ကျိတ်၍ ပြုံးမိပါသေးသည်။

တကယ်တော့ အဆင်းရဲဆုံးနိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံ၊ နိုင်ငံသားတစ်ဦးချင်းဝင်ငွေ အနည်းဆုံးနိုင်ငံ အစရှိသဖြင့် စစ်တမ်းကောက်ယူခြင်းလုပ်ငန်းသည် လောဘ၊ ဒေါသ၊ မောဟကင်းရှင်း၍ သမာသမတ်ရှိဖို့လိုသည်။ ယင်းနိုင်ငံတို့၏ လိုအပ်ချက်များကို ကျန်နိုင်ငံများက ဝိုင်းဝန်းဖြည့်ဆည်း ဖေးမကူညီခြင်းဖြင့် ကောင်းမွန်သော လူ့ဘောင်တစ်ရပ်ဖြစ်ပေါ်စေသည့် လုပ်ငန်းရပ်၏ အခြေခံစာရင်းပင်ဖြစ်သည်။ နှိမ့်ချကဲ့ရဲ့ရှုတ်ချရန် မဟုတ်။ မိမိတို့ လိုလားသော စနစ်နှင့် ဘက်တော်သားမဟုတ်လျှင် သာသာထိုးထိုးလေး ထိုးနှက်ကြရန် မဟုတ်ပေ။

မရေးချင်ဆုံးကို ရေးရပါဦးမည်။ မိစ္ဆာဒိဋ္ဌိတို့ ထုတ်ပြန်သော စစ်တမ်းများကို အဘယ်ပေတံ၊ အဘယ်စံ၊ အဘယ်အခြေအနေတို့ပေါ် အခြေခံ၍ ကောက်ယူထုတ်ပြန်ကြသနည်း။ လောကတွင် အကောင်းအဆိုးဟူသည် ထာဝစဉ်ဒွန်တွဲလျက်ရှိသည်။ မိစ္ဆာဒိဋ္ဌိတို့၏ စံပြုတိုင်းတာချက်သည် လူဦးရေ ၅၅ သန်းကျော်ရှိသည့် မြန်မာနိုင်ငံသားတို့အား ကိုယ်စားမပြုနိုင်ကြောင်း သဘာဝဓမ္မသဘောတရားအရ ရှင်းလင်းစွာ နားလည်သင့်သည်။ ပြန်လည်မေးခွန်းထုတ်လိုပါသည်။

- **အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများ၊ သေစေမှုများ၊ အကြမ်းဖက်မှုများကို ဖြစ်ပေါ်စေသူများသည် စာရိတ္တမြင့်မားသူများ ဖြစ်ပါသလား။**
- **မိမိလိုလားသောစနစ်နှင့် အုပ်ချုပ်သည့်နိုင်ငံ မဟုတ်လျှင် အမှန်ကို အမှားဖြစ်အောင် ပုံကြီးချဲ့ လိမ်ညာလှည့်ဖြား၍ ကျူးကျော်နေသူများသည် စာရိတ္တမြင့်မားသူများ ဖြစ်ပါသလား။**
- **Living Together ဆိုတဲ့ လူနေမှုပုံစံနှင့် ဓလေ့စရိုက်ကို တီထွင်နေထိုင်နေကြသူများသည် စာရိတ္တမြင့်မားသူများ ဖြစ်ပါသလား။**
- **လိင်ပျော်ပါးမှုနှင့် လောင်းကစားဝိုင်းကြီးများကို တရားဝင်ခွင့်ပြု၍ ဧည့်သည်များအား မြူဆွယ်နေသူများသည် စာရိတ္တမြင့်မားသူများ ဖြစ်ပါသလား။**
- **အရက်နှင့် စီးကရက်တို့ကို အပြိုင်အဆိုင်ကြော်ငြာ၍ အကြီးအကျယ် ထုတ်လုပ်နေသူများသည် စာရိတ္တမြင့်မားသူများဖြစ်ကြပါသလား။**
- **နိုင်ငံတစ်နိုင်ငံအား ကျူးကျော်တိုက်ခိုက် ကိုလိုနီပြု၍ ယင်းနိုင်ငံ၏ သယံဇာတနှင့် သာသနိက အမွေအနှစ်များကို ခိုးယူခဲ့ဖူးသူများသည် စာရိတ္တမြင့်မားသူများ ဖြစ်ကြပါသလား။**

ဖော်ပြရလျှင် ဆုံးမည်မဟုတ်ပါ။ ဤမျှလောက်ဖြင့် လုံလောက်ပြီဟု ထင်ပါသည်။ MR.သန်းရှာသူများ ခင်ဗျား၊ အထက်က ဖော်ပြခဲ့တဲ့ မေးခွန်းအချက်အလက်တွေဟာ Gentlemen တို့ရဲ့ တိုင်းပြည်မှာ ဖြစ်ပေါ်နေခဲ့တယ်ဆိုရင် လူကြီးမင်းတို့ရဲ့နိုင်ငံကို စာရိတ္တအနိမ့်ကျဆုံး နိုင်ငံများစာရင်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့အောက်မှာ အမြင်မှန်ရစွာဖြင့် နေရာယူထည့်သွင်းလိုက်ကြပါ။ ဒါဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံသားများ ကျေနပ်ကြပါလိမ့်မည်။

သိရှိသင့်သူများ သိရှိကြရန် သတိပေး နှိုးဆော်ပါသည်။ တစ်နိုင်ငံမှ တစ်နိုင်ငံ၏ နိုင်ငံရေး၊ ပြည်တွင်းရေး၊ ယဉ်ကျေးမှု ဓလေ့စရိုက်နှင့် သိက္ခာများကို ထိပါးစော်ကားခြင်းသည် သူတော်ကောင်း တရားမဟုတ်ပါ။ အထူးသဖြင့် နိုင်ငံခြားအသံလွှင့်ဌာနများရှိ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၊ ဗုဒ္ဓဘာသာဝင် မဟုတ်သော မြန်မာများနှင့် ပြည်တွင်းမှ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် မျိုးချစ်စိတ်ဓာတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ယဉ်ကျေးမှုနှင့် ဘာသာတရားများအပေါ် နက်နက်ရှိုင်းရှိုင်း လေးစားခံယူကျင့်ကြံ ပြောဆိုနေထိုင်ကြဖို့ လိုအပ်လှပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများသည် ဂုဏ်တော်ကိုးပါး၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်စွာဘုရားအား သက်တော်ထင်ရှားရှိနေသည့်အလား အားကိုးယုံကြည် ကိုးကွယ်နေသူများ ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များအား နုတ်ပယ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းမပြုဘဲ သာသနာ့တာဝန် ထမ်းဆောင်လျက် အဆုံးအမပေးတော်မူနေကြသော သံဃာတော် အရှင်သူမြတ်များ၏ တရားဓမ္မအမွေအရိပ်အောက်တွင် စာရိတ္တမြင့်မားစွာဖြင့် ပြောဆိုကျင့်ကြံ အားထုတ်နေထိုင်နေကြကြောင်း ကမ္ဘာသူ၊ ကမ္ဘာသား အပေါင်းအား သိစေအပ်ပါသတည်း။ ။

တစ်နိုင်ငံမှ တစ်နိုင်ငံ၏ နိုင်ငံရေး၊ ပြည်တွင်းရေး၊ ယဉ်ကျေးမှု ဓလေ့စရိုက်နှင့် သိက္ခာများကို ထိပါး စော်ကားခြင်းသည် သူတော်ကောင်း တရားမဟုတ်။ အထူးသဖြင့် နိုင်ငံခြား အသံလွှင့်ဌာနများရှိ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၊ ဗုဒ္ဓဘာသာဝင် မဟုတ်သော မြန်မာများနှင့် ပြည်တွင်းမှ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် မျိုးချစ်စိတ်ဓာတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ယဉ်ကျေးမှုနှင့် ဘာသာတရားများအပေါ် နက်နက်ရှိုင်းရှိုင်း လေးစားခံယူကျင့်ကြံ ပြောဆိုနေထိုင်ကြဖို့ လိုအပ်။

တရုတ်နိုင်ငံ ကျန်စုပြည်နယ် လန်ကျိုးမြို့ စက်မှုဇုန်ရှိ ဓာတုဗေဒစက်ရုံတစ်ရုံကို မေ ၁၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘုရှ်လက်ထက်၌ အမေရိကန်နှင့် နိုင်ငံတကာဆက်ဆံရေး သမိုင်းတွင် အဆိုးရွားဆုံးဖြစ်ကြောင်း ဂျင်မီကာတာ ဝေဖန်

ဝါရှင်တန် မေ ၂၀

ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်၏ သမ္မတရာထူးသက်တမ်းကာလအတွင်း အမေရိကန်နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး အခြေအနေမှာ သမိုင်းတွင် အဆိုးရွားဆုံးဖြစ်ကြောင်း၊ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲမှာလည်း ဘုရှ်အား သစ္စာရှိသည့် ဆက်ဆံရေးအနေအထားဖြင့်သာ ရပ်တည်ခဲ့ကြောင်း အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာက စနေနေ့တွင် အပြင်းအထန် ဝေဖန်လိုက်သည်။

သမ္မတဘုရှ်၏အစိုးရအဖွဲ့သည်သမိုင်းတွင် နိုင်ငံတကာဆက်ဆံရေး အညံ့ဖျင်းဆုံးအစိုးရအဖွဲ့ပင်ဖြစ်ကြောင်း အာကင်စော ဒီမိုကရက်ဂေဇက်သတင်းစာ၏ တယ်လီဖုန်း လူတွေ့မေးမြန်းခန်းတွင် ဂျင်မီကာတာက ပြောကြားသည်။

ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်၏ ဖခင် ဂျော့ဂျ်ဘုရှ်အစိုးရအဖွဲ့၊ရော်နယ်လ်ရေဂင်အစိုးရအဖွဲ့၊ ရစ်ချတ်နစ်ဆင် အစိုးရအဖွဲ့နှင့် အခြားသော အစိုးရအဖွဲ့များ လက်ထက်က တည်ရှိခဲ့သည့် နိုင်ငံတကာဆက်ဆံရေးတန်ဖိုးများမှာ ယခုအစိုးရလက်ထက်တွင် ပျက်ပြားသွားပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အီရတ်စစ်ပွဲနှင့်ပတ်သက်၍ သမ္မတဘုရှ်နှင့် ဝန်ကြီးချုပ် ဘလဲတို့၏ ဆက်ဆံရေး အစေးအကပ်ဆုံးဖြစ်ခဲ့ပုံကိုလည်း ကာတာက ဘီဘီစီရေဒီယို၏ လူတွေ့မေးမြန်းခန်းတွင် ဝေဖန်လိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

အိန္ဒိယသကြားကြမ်း ပြည်ပသို့တင်ပို့မည်

နယူးဒေလီ မေ ၁၉

အမေရိကန်နှင့် ဥရောပသမဂ္ဂနိုင်ငံများသို့ သကြားကြမ်းတန်ချိန် ၂၆၀၀၀ တင်ပို့ခွင့်ကို အိန္ဒိယနိုင်ငံကရရှိကြောင်း နိုင်ငံခြားကုန်သွယ်ရေးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

အီးယူနိုင်ငံများသို့ သကြားကြမ်းတန်ချိန် ၁၆၀၀၀ တင်ပို့မည်ဖြစ်ပြီး ကျန်တန်ချိန်ကို အမေရိကန်နိုင်ငံသို့ တင်ပို့မည်ဖြစ်ကြောင်း နိုင်ငံခြားကုန်သွယ်ရေးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးက ထုတ်ပြန်ကြေညာသည်။***အမ်အင်အေ၊ ပီတီအိုင်။***

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အကြမ်းဖက်မှု တိုက်ဖျက်ရေး အွန်လိုင်းဒေတာဘေ့စ် ဖွင့်လှစ်

နယူးယောက် မေ ၁၉

ကမ္ဘာ့နိုင်ငံများ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းတွင် နည်းပညာအကူအညီပေးနိုင်ရန် အွန်လိုင်းဒေတာဘေ့စ်စနစ် တစ်ခုကို ကုလသမဂ္ဂက ဖွင့်လှစ်လိုက်ကြောင်း မေ ၁၈ ရက် အင်တာနက်သတင်းတွင်ဖော်ပြသည်။

၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက်က အမေရိကန်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ပြီးနောက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၁၃၇၃ ကို ချမှတ်ခဲ့သည်။

ဖွင့်လှစ်

ယင်းဆုံးဖြတ်ချက်တွင် ကမ္ဘာ့နိုင်ငံများအနေဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး အစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်ရန် တိုက်တွန်းထားသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အောက်ရှိ အကြမ်းဖက်မှု တိုက်ဖျက်ရေးကော်မတီသည် အဆိုပါ အွန်လိုင်းဒေတာဘေ့စ်စနစ်ကို ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

ထောက်ပံ့ပေးနိုင်မည်

နိုင်ငံတကာ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများက အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းအတွက် နည်းပညာအကူအညီပေးနိုင်မှုကို သတင်းအချက်အလက်များအဖြစ် ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

အင်တာနက်။

တောင်အာဖရိကတွင် ရာဇဝတ်မှုတိုးပွား

ဂျိုဟန်နက်စဘတ် မေ ၁၉

တောင်အာဖရိကနိုင်ငံတွင် ယခုနှစ်အတွင်း ရာဇဝတ်ပြစ်မှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရမ်းကားမှုနှင့် ဂိုဏ်းအချင်းချင်း အကြမ်းဖက် တိုက်ခိုက်မှုစသည့် မှုခင်းများတိုးပွားလာကြောင်း ကိပ်တိုင်းမ်သတင်းစာက သောကြာနေ့တွင် ရေးသားလိုက်သည်။

ယင်းကဲ့သို့ မှုခင်းများ ပေါ်ပေါက်လာမှုအပေါ် မိမိတို့ အလွန်အမင်းစိုးရိမ်မကင်း ဖြစ်မိသည်ဟု သတင်းစာက ဆက်လက်ရေးသားသည်။

ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း မှုခင်းဖြစ်ပွားမှု များခြင်းမှာ စိတ်အနှောင့်အယှက် ဖြစ်စရာကောင်းလှကြောင်း၊ ရမ်းကားမှုနှင့် ဖောက်ထွင်းမှုပေါင်း ၂၇၀၊ ရာဇဝတ်ပြစ်မှု ၁၇၄ မှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု ၁၆၇ မှု၊ ဂိုဏ်းအချင်းချင်း တိုက်ခိုက်မှု ၅၃ မှု ပေါ်ပေါက်ခဲ့ကြောင်း အဆိုပါသတင်းစာက ရေးသားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပင်လယ်ရေအောက် ငလျင်လှုပ်မှု လေ့လာစောင့်ကြည့်မည်

ဂရင်နေဒါ(အနောက်အင်ဒီးစ်) မေ ၁၉

သိပ္ပံပညာရှင်များသည် ပင်လယ်ရေအောက် ငလျင်လှုပ်မှုကို လေ့လာစောင့်ကြည့်နိုင်ရန် ဂရင်နေဒါကျွန်း၏ မြောက်ဘက် ကမ်းရိုးတန်း ကမ်းလွန်ရှိ မီးတောင်တစ်ခုတွင် တိုင်းတာရေးစက်ကိရိယာများ ချထားလိုက်ပြီဖြစ်ကြောင်း မေ ၁၈ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

ပေါက်ကွဲ

အမေရိကန်ဝုဒ်ဖိုးလ် ပင်လယ်သမုဒ္ဒရာလေ့လာရေးသိပ္ပံမှ သိပ္ပံပညာရှင်များသည် အနောက်အင်ဒီးစ်ကျွန်းရှိ ပင်လယ်ရေအောက် မီးရှင်တောင်တစ်လုံးဖြစ်သော ကစ်ကင်ဂျန်နီမီးတောင်ဝတွင် စက်ကိရိယာများကို တပ်ဆင်ခဲ့ကြသည်။ အဆိုပါမီးတောင်သည် ၁၉၃၉ ခုနှစ်မှစ၍ ၁၂ကြိမ်ထက်မနည်း ပေါက်ကွဲခဲ့ပြီးဖြစ်သည်။

လေ့လာ

သိပ္ပံပညာရှင်များသည် ယင်းမီးတောင်နှင့် သက်ဆိုင်နေသော သတင်းအချက်အလက်များရရှိနိုင်ရန် ပင်လယ်ရေအောက်သုံး ငလျင်တိုင်းတာရေး စက်ကိရိယာကို ထားရှိသည်။ ယင်းစက်ကိရိယာက သတင်းအချက်အလက်များ ထုတ်လွှင့်ပေးမှုကို မြေပြင်အခြေစိုက်မြေလျင်စခန်းက ရေဒီယိုဖြင့် ဖမ်းယူရရှိမည်ဖြစ်သည်။ သတင်းအချက်အလက်များကို လေ့လာ ဆန်းစစ်ခြင်းဖြင့် ပင်လယ်ရေအောက်မီးတောင် ပေါက်ကွဲမှုအခြေအနေနှင့် ဆူနာမီရေလှိုင်းဖြစ်ပေါ်မှုတို့နှင့် ပက်သက်၍ ဂရင်နေဒါကျွန်းသူကျွန်းသားများအား ကြိုတင် သတိပေးနိုင်မည်ဖြစ်သည်။

အင်တာနက်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ပြသထားသည့် အယ်လ်ဂျီဖီးလစ် အယ်လ်စီဒီ အမျိုးအစား ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးကို မေ ၁၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စင်ကာပူ တောင်တက်သမား တောင်ပေါ်တွင်သေဆုံး

စင်ကာပူ မေ ၁၉

စင်ကာပူတောင်တက်သမားတစ်ဦးသည် မလေးရှားနိုင်ငံတောင်ပိုင်း ဂျိုဟောပြည်နယ်ရှိ တောင်တစ်လုံးပေါ်တွင် ရောက်ရှိနေစဉ် မိုးကြိုးမုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးခဲ့ရကြောင်း မလေးရှားရဲတပ်ဖွဲ့က မေ ၁၇ ရက်တွင် ပြောကြားသည်။

စင်ကာပူတောင်တက်သမားသည် တောင်ပေါ်ရေတံခွန်တစ်ခုအနီး ရွက်ဖျင်တဲအတွင်း စခန်းချနားနေစဉ် မိုးကြိုးမုန်တိုင်းကြောင့် လဲကျသော သစ်ပင် ပိမိကာ သေဆုံးရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၃၀၀ ခန့် အမြင့်ရှိ တောင်ပေါ်တွင် ယင်းဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များက သေဆုံးနေသူတောင်တက်သမား၏ ရုပ်အလောင်းကို တောင်အောက်သို့ သယ်ဆောင်ပေးခဲ့သည်။

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူး မြို့၌ မြည်းလှည်းတစ်စီးကို မေ ၁၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် နှစ်ရက်အတွင်း ကန်တပ်ဖွဲ့ဝင် ငါးဦး သေဆုံး

ဘဂ္ဂဒက် မေ ၂၀

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် နှစ်ရက်အတွင်း သီးခြားစီဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိကြောင်း အမေရိကန် စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်အရှေ့မြောက်ဘက် ဒီယာလာပြည်နယ်တွင် အမေရိကန်စစ်ကားတစ်စီး ဖြတ်သန်းချိန် ဗုံးပေါက်ကွဲခဲ့ရာ တပ်ဖွဲ့ဝင်သုံးဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြသည်။

ဘဂ္ဂဒက် တောင်ဘက်တွင် ကြာသပတေးနေ့က တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး တပ်ဖွဲ့ဝင် ကိုးဦး ဒဏ်ရာရရှိကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

၂၀၀၃ခုနှစ်တွင် အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သောတပ်ဖွဲ့က ကျူးကျော်တိုက်ခိုက်ခဲ့ချိန်နောက်ပိုင်း ယင်းနိုင်ငံတွင် သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင် ဦးရေမှာ ၃၄၀၅ ဦး ရှိပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်ဝန်ကြီးချုပ်နှင့် ဗီယက်နမ်သမ္မတ တွေ့ဆုံဆွေးနွေး ကုန်သွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည်

ပေကျင်း မေ ၁၉

တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် စွမ်းအင်ဖွံ့ဖြိုးရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန် သောကြာနေ့က သဘောတူညီလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဆွေးနွေး

တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်နှင့် တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ဗီယက်နမ်သမ္မတ ငုယင်မင်ထရက်တို့ သောကြာနေ့က ဆွေးနွေးပြီးနောက် နှစ်နိုင်ငံကုန်သွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်နှင့် စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု တိုးတက်ပြုလုပ်ကြရန် သဘောတူကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်ကာပူတိရစ္ဆာန်ရုံတွင် တိုင်းရင်းဆေးဝါးဖြင့် ကုသပေးနေ

စင်ကာပူ မေ ၁၉

စင်ကာပူနိုင်ငံရှိ တိရစ္ဆာန်ရုံတွင် မွေးမြူထားသော တိရစ္ဆာန်များအား တရုတ်ရိုးရာ တိုင်းရင်းဆေးဝါးများဖြင့် ကုသပေးလျက်ရှိကြောင်း ယင်းတိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာ အိုဆွန်ဟော့က မေ ၁၈ ရက်တွင် ပြောကြားသည်။

စင်ကာပူ တိရစ္ဆာန်ရုံတွင် တိရစ္ဆာန်များအား တိုင်းရင်းဆေးဝါးများဖြင့် ကုသပေးသည့် လုပ်ငန်းကို အကောင်အထည်ဖော်ခဲ့သည်မှာ နှစ်ပေါင်းကြာမြင့်ခဲ့ပြီဖြစ်သည်။

တိုင်းရင်းဆေးဖြင့် ကုသ

သို့ရာတွင် တိရစ္ဆာန်ရုံရှိ တိရစ္ဆာန်များအား တိုင်းရင်းဆေးဝါးများဖြင့် ကုသပေးခြင်းဆိုင်ရာ သုတေသနလုပ်ငန်းအတွက် ရန်ပုံငွေရရှိခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ တိရစ္ဆာန်ရုံရှိ တိရစ္ဆာန်ဆေးကု ဆရာဝန်များသည် တရုတ်ရိုးရာ တိုင်းရင်းဆေးဝါးကုထုံးများဖြင့် မြွေများ၊ အူရန်ဂူတန်လူဝံများနှင့် မြင်းများကို ကုသပေးလျက်ရှိသည်။ တိရစ္ဆာန်များကို ကုသပေးရာတွင် သစ်ဥသစ်ဖုတို့ကို ကြိတ်ခြေကာ အစားအစာနှင့် ရောနှော၍ ကျွေးမွေးလေ့ရှိသည်။

အင်တာနက်။

တိုကျိုမြို့၌ အီရတ်စစ်ပွဲ ကန့်ကွက်ဆန္ဒပြနေသူများကို မေ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်လုံခြုံရေးကိစ္စ အမေရိကန်နှင့် အီရန်ဆွေးနွေးမည်

တီဟီရန် မေ ၁၉

အီရတ်နိုင်ငံ၏ လုံခြုံရေးပြဿနာများနှင့်ပတ်သက်၍ အီရန်နှင့် အမေရိကန်တာဝန်ရှိသူများ၏ တိုက်ရိုက်ဆွေးနွေးပွဲကို ဘဂ္ဂဒက်တွင် မေ ၂၈ ရက်၌ ပြုလုပ်မည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မန်နူချာမိုတာကီက မေ ၁၇ ရက်တွင် ပြောကြားသည်။

ယင်းဆွေးနွေးပွဲတွင် အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေနှင့် ပတ်သက်၍သာ ဆွေးနွေးမည်ဖြစ်ကြောင်း၊ အခြားပြဿနာများကို လုံးဝဆွေးနွေးမည်မဟုတ်ကြောင်း မိုတာကီက ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့တွင် ပြောကြားသည်။ ၎င်းသည် အစ္စလမ္မစ် ညီလာခံဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိနေသည်။

အင်တာနက်။

အိုအီးစီဒီ အဖွဲ့တွင် ရုရှားပါဝင်ရန် ဖိတ်ခေါ်

မော်စကို မေ ၁၉

စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ) သည် ၎င်း၏အဖွဲ့အတွင်း၌ ရုရှားနိုင်ငံ ပါဝင်ရန် ဖိတ်ခေါ်ကမ်းလှမ်းထားပြီဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဌာနက ယနေ့ပြောကြားသည်။

ထိုဖိတ်ကြားချက်ကို လက်ခံရရှိရန်အတွက် မိမိတို့နိုင်ငံသည် ၁၁ နှစ်ကြာ စောင့်ဆိုင်းခဲ့ရသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ အကြီးအကဲ အင်ဒရီကန်ဒါကော့ဖ်က ပြောကြားသည်။

အိုအီးစီဒီအဖွဲ့အစည်းအဝေးကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပပြီးနောက် ရုရှားနိုင်ငံကို ဖိတ်ခေါ်ခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသော်လည်း အခြားမည်သည့်နိုင်ငံများကိုပါ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်စေရန် ဖိတ်ခေါ်ခြင်းရှိ၊ မရှိ ထည့်သွင်းပြောကြားသွားခြင်းမရှိပေ။သံတမန်သတင်းများအရ အိုအီးစီဒီအဖွဲ့သည် ချီလီ၊ အက်စ်တိုးနီးယား၊ ဆလိုဗေးနီးယားနှင့် အစ္စရေးနိုင်ငံတို့ကိုပါ အဖွဲ့ဝင်အဖြစ် ဖိတ်ခေါ်ရန် စဉ်းစား လျက်ရှိကြောင်း သိရသည်။

အိုအီးစီဒီအဖွဲ့ကို ၂၀၀၀ ပြည့်နှစ်က နောက်ဆုံးအကြိမ်အဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ထိုစဉ်က ဆလိုဗက်ကီးယားနိုင်ငံကို အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံခဲ့သည်။ ယင်းအဖွဲ့သည် ယခုအချိန်တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၃၀ ရှိနေပြီဖြစ်သည်။ အဖွဲ့ဝင်များအဖြစ် ပါဝင်လိုသော နိုင်ငံအများအပြားသည် အိုအီးစီဒီအဖွဲ့ကို ဖိအားပေးတောင်းဆိုလျက် ရှိကြသည်။

အင်တာနက်။

နေစကြဝဠာပြင်ပတွင် ရေခဲများဖုံးနေသည့် ဂြိုဟ်ကိုတွေ့ရှိ

ဂျီနီဗာ မေ ၁၉

ဆွစ်ဇာလန်နိုင်ငံတောင်ပိုင်းရှိ နက္ခတ္တဗေဒလေ့လာရေးစခန်းသည် ရေခဲများဖုံးနေသော ဂြိုဟ်တစ်လုံးကို ရှာဖွေတွေ့ရှိကြောင်း ဆွစ်ရေဒီယို အင်တာနေရှင်နယ်(အက်စ်အာရ်အိုင်)က မေ ၁၇ ရက်တွင် ကြေညာသွားသည်။

ရေခဲဖြင့် ဖုံးနေသောဂြိုဟ်သည် နေစကြဝဠာပြင်ပတွင် တည်ရှိနေသော နက်ပ်ကျွန်းဂြိုဟ် အရွယ်အစားမျှရှိသည်ဟု ဆိုသည်။ ထိုရေခဲဂြိုဟ်ကို တွေ့ရှိခဲ့သူ ပညာရှင်လေးဦးမှာ ဗီလာအစ်နှင့် ဂျီနီဗာတက္ကသိုလ်မှဖြစ်သည်။ ၎င်းတို့သည် စိန့်လုစ်နက္ခတ်တာရာကြည့်မှန်ပြောင်းကို အသုံးပြုလေ့လာခဲ့ကြခြင်းဖြစ်သည်။

တည်ရှိ

ပညာရှင်များသည် ဂြိုဟ်ကိုလေ့လာရာ၌ ၂၄ လက်မအရွယ်အစားရှိ အဝေးကြည့်မှန်ပြောင်းကို အသုံးပြုခဲ့ကြသည်။ ထိုဂြိုဟ်၏ အကွာအဝေးကို တိုင်းတာရာ အလင်းနှစ်ပေါင်း ၃၀ အကွာတွင် ရှိကြောင်းသိရသည်။ ထိုဂြိုဟ်၏ အချင်းမှာ ကမ္ဘာ၏လေးဆမျှရှိပြီး ယင်းသည် သက်ဆိုင်ရာနေနှင့် အလွန်နီးကပ်စွာလည်ပတ်လျက်ရှိကြောင်း သိရသည်။ ဂြိုဟ်ပေါ်တွင် ဖြစ်ပေါ်နေသော အပူချိန်မှာ မြင့်မားသော်လည်း ထိုဂြိုဟ်ကမ္ဘာ၏ ဖိအားသည် များပြားလှသောကြောင့် ရေသည် အရည်အသွင်ဖြင့် မတွေ့ရဘဲ ရေခဲအသွင်ဖြင့် တွေ့ရှိရခြင်းဖြစ်သည်ဟု မာလ်မင်က ပြောကြားသည်။ ထိုဂြိုဟ်သည် နေစကြဝဠာ ပြင်ပရှိ ဂယ်လက်ဇီ ၃၄၆ ကြယ်ဖြင့် ဖွဲ့စည်းထားသည့် နေစကြဝဠာပြင်ပရှိ အခြားစကြဝဠာတွင် တည်ရှိသည်။

အင်တာနက်။

အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ ဒူဘိုင်းမြို့ဆိပ်ကမ်းကို မေ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပျောက်ဆုံးနေသော ကန်တပ်ဖွဲ့ဝင်သုံးဦးကို ပိုက်စိပ်တိုက်ရှာဖွေနေ

ဘဂ္ဂဒက် မေ ၁၉

အီရတ်နိုင်ငံတွင် ပျောက်ဆုံးလျက်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးကို ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိကြောင်း အမေရိကန်ကြည်းတပ် ဒုတိယ ဗိုလ်မှူးကြီး ခရစ္စတိုဖာဂါဗာက မေ ၁၇ ရက်တွင် ပြောကြားသည်။

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသည် ပြန်ပေးဆွဲခံရသည်ဟု ယူဆရသည်။ ၎င်းတို့သည် နယူးယောက်မြို့ရှိ ဖို့တ်ဒရမ်တပ်စခန်းမှ ဖြစ်ကြကြောင်း ခရစ္စတိုဖာက ပြောကြားသည်။

အင်တာနက်။

အီတလီနိုင်ငံ ဖီယိုရာနိုမြို့၌ ကျင်းပသည့် ကားလေလံပွဲတွင် ပြသထားသည့် ပြိုင်ကားဟောင်းတစ်စီးကို မေ ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

● ကမ္ဘောဒီးယားမှ

ငင်းသည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ပါရီငြိမ်းချမ်းရေးသဘောတူစာချုပ် အကောင်အထည်ဖော်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူတစ်ဦးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

ယင်းသဘောတူညီချက်နှင့် ၁၉၉၃ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ ရလဒ်အရ ၁၉၉၃ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ငင်းသည် ကမ္ဘောဒီးယားနိုင်ငံ ပူးတွဲဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ ထို့နောက် ပထမဦးဆုံး ညွန့်ပေါင်းအစိုးရ၏ ထိုစဉ်က ဝန်ကြီးချုပ်(၂)အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၉၈ ခုနှစ် ဇူလိုင်လတွင် ငင်းဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ကမ္ဘောဒီးယား ပြည်သူ့ပါတီနှင့် ဖွန်ဆင်ပက်ပါတီတို့၏ ညွန့်ပေါင်းအစိုးရတွင် တစ်ဦးတည်း ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ငင်း၏ အစိုးရကိုလည်း စီးပွားရေးကို ဦးတည်သည့် အစိုးရအဖြစ် ကြေညာခဲ့သည်။ ငင်း၏ ခေါင်းဆောင်မှုအောက်တွင် ကမ္ဘောဒီးယားနိုင်ငံသည် အာဆီယံအဖွဲ့၏ ၁၀နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။

၂၀၀၃ ခုနှစ် ဇူလိုင်လတွင် ပြုလုပ်သည့် အထွေထွေရွေးကောက်ပွဲတွင် ကမ္ဘောဒီးယား ပြည်သူ့ပါတီ၏ ဝန်ကြီးချုပ် ကိုယ်စားလှယ်လောင်းအဖြစ် ငင်းပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ကမ္ဘောဒီးယား ပြည်သူ့ပါတီ ဆက်လက်အောင်ပွဲဆင်ရန် ဦးဆောင်နိုင်ခဲ့သည်။ ရွေးကောက်ပွဲအပြီး (၁၁)လကြာသည့်အခါ ဖွန်ဆင်ပက် ပါတီနှင့် ပူးပေါင်း၍ ညွန့်ပေါင်းအစိုးရကို ဖွဲ့စည်းနိုင်ခဲ့သည်။ ၂၀၀၄ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် အမျိုးသားလွှတ်တော်က ငင်းအား ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်ခန့်အပ်ခဲ့ပြီး ကမ္ဘောဒီးယား ပြည်သူ့ပါတီနှင့် ဖွန်ဆင်ပက်ပါတီတို့၏ တတိယအကြိမ် ညွန့်ပေါင်းအစိုးရကို အသိအမှတ်ပြုခဲ့သည်။

အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပြင်းထန်စွာ ကြိုးပမ်းအားထုတ်နိုင်မှုနှင့် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့မှုများအတွက် ဘုရင် ဆမ်ဒက်ပရယ်နိုရိုဒွမ် သီဟာနုက ငင်းအား "ဆမ်ဒက်"ဘွဲ့ထူးကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

ငင်းသည် ကမ္ဘောဒီးယားတက္ကသိုလ် ပညာရေးနှင့်ပတ်သက်၍ နိုင်ငံရေးဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ ရရှိခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် ဟန္နွိုင်းမြို့ရှိ အမျိုးသားနိုင်ငံရေးသိပ္ပံမှ နိုင်ငံရေးသိပ္ပံဘာသာ ရပ်ဖြင့် ပါရဂူဘွဲ့ရရှိခဲ့သည်။

ငင်းသည် ၁၉၉၅ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုတောင်ပိုင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ နိုင်ငံရေးဆိုင်ရာဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကိုလည်းကောင်း၊ အိုင်ယိုးဝါးပြည်နယ် ဝက်စလီယမ်ကောလိပ်မှ ဥပဒေဆိုင်ရာဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

၁၉၉၆ ခုနှစ် ဒီဇင်ဘာလတွင် ကမ္ဘာ့ငြိမ်းချမ်းရေးအကယ်ဒမီက ငင်းအား ကမ္ဘာ့ငြိမ်းချမ်းရေးဆုကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

အခြားနိုင်ငံများရှိ ပညာရေးဘက်ဆိုင်ရာ တက္ကသိုလ်များကလည်း ငင်းအား ကမ္ဘောဒီးယားနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု တို့အတွက် ဦးစီးခေါင်းဆောင်ကာ အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ အများအပြားကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြသည်။ (သတင်းစဉ်)

✻ ကာကွယ်ရေးဝန်ကြီးဌာနမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာခဲ့ကြရာ နံနက် ၉ နာရီခွဲတွင် ဟိုပန်မြို့သို့ ရောက်ရှိကြပြီး ဟိုပန်မြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အခက်အခဲများကို မေးမြန်းပြီး ဒေသဖွံ့ဖြိုးရေး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရေး မှာကြားသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟိုပန်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟိုပန်-ပန်ကောက်လမ်းအတိုင်း လမ်းတစ်လျှောက် ဘိန်းအစားထိုးသီးနှံဖြစ်သည့် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစိုက်ပျိုးရေး လုပ်ငန်းများကို လည်းကောင်း၊ နွေစပါးစိုက်ခင်းများကိုလည်းကောင်း၊ ဟိုပန်-မိုင်းမောလမ်း၏ လမ်းပန်းဆက်သွယ်သွားလာမှု အခြေအနေများကို လည်းကောင်း မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ ဟိုပန်မြို့နယ် ပန်ကောက်ကျေးရွာသို့ ရောက်ရှိကြပြီး ပန်ကောက်ကျေးရွာမှ ရပ်မိရပ်ဖများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟိုပန်-ပန်ကောက်-ခြူးရွှေ-ပန်လုံကားလမ်း အခြေအနေကိုလည်းကောင်း၊ တောင်ယာလှေကားထစ်နည်းဖြင့် နွေစပါး စိုက်ပျိုးထားရှိမှုတို့ကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေး၍ ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၁၁ နာရီတွင် ဟိုပန်မြို့နယ် ပန်လုံသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပန်လုံအခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ဟိုပန်မြို့နယ်မှ ဌာနဆိုင်ရာများနှင့် ပန်လုံဒေသမှ ရပ်မိရပ်ဖများ၊ ဒေသခံ 'ဝ'နှင့် 'ကိုးကန့်' တိုင်းရင်းသားများအား တွေ့ဆုံသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ပန်လုံဒေသ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေးအခြေအနေများနှင့် ဒေသ၏ လိုအပ်ချက်များကို မေးမြန်းရာ မြို့နယ် ဌာနဆိုင်ရာများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ပန်လုံဒေသ၏ လိုအပ်ချက်များကို သက်ဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များအလိုက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အမှာစကားပြောကြားရာတွင် ပန်လုံဒေသသည် ယခင်က ရှာငယ်အဆင့်မှ ယခုအခါ ဖွံ့ဖြိုးတိုးတက်လာသည်ကို မြင်တွေ့ရ၍ လွန်စွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ယခင်က ဒေသငြိမ်းချမ်းမှု မရ၍ ဒေသနေ တိုင်းရင်းသားပြည်သူများသည် ကျီးလန့်စာ စားနေရသည့်ဘဝမှ ယခုအခါ ငြိမ်းချမ်းရေး ရရှိခဲ့ပြီဖြစ်၍ မိမိတို့၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို အေးချမ်းပျော်ရွှင်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ကြပြီ ဖြစ်ကြောင်း၊ နိုင်ငံတော်ကလည်း ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက် ကိစ္စအဝဝကို ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ကူညီဆောင်ရွက်

ထိုကဲ့သို့ နိုင်ငံတော်မှ ပန်လုံဒေသနေ ပြည်သူများအပေါ် လိုအပ်သည်များ ကူညီ ဆောင်ရွက်ပေးနေသလို ဒေသခံ တိုင်းရင်းသား ပြည်သူများကလည်း ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် မိမိတို့တတ်စွမ်းနိုင်သည့်ဘက်မှ ဒေသ၏ အေးချမ်းသာယာမှုကို ကူညီဆောင်ရွက် သွားကြစေလိုကြောင်း၊ ပန်လုံဒေသ အပါအဝင် သံလွင်မြစ်အရှေ့ခြမ်းကို ယခုကဲ့သို့ အစဉ်ထာဝရ အေးချမ်းသာယာမှုကို မြင်တွေ့နေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ပန်လုံဒေသ၏ ပညာရေးအတွက် ပညာရေး ငွေပဒေသာပင်များကို ဟိုပန်မြို့နယ် ပညာရေးမှူး ဒေါ်အင်ဂျီးတောင်ထံသို့ လည်းကောင်း၊ ကျန်းမာရေးအတွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နမ့်တစ်မြို့ ယုံလင်းရော်ဘာစက်ရုံတွင် ပြည်ပပို့ကုန် ရော်ဘာထုတ်လုပ်မှု အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ငွေပဒေသာပင်များကို ပန်လုံတိုက်နယ် ဆရာဝန် ဒေါက်တာအောင်ဆန်းမင်းထံသို့လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ပန်လုံဒေသမှ ရပ်မိရပ်ဖများအား ဂုဏ်ပြုလက်ဆောင် ပစ္စည်းများ၊အဝတ်အထည်များနှင့် ကျောင်းသုံးဗလာစာအုပ်များ အသီးသီးပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပန်လုံမှ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဟိုပန်-ချင်းရွှေဟော် ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေ ၃ နာရီခွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁) 'ဝ' ဒေသနမ့်တစ်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နမ့်တစ်မြို့ အထူးဒေသ(၂) ရုံးညှော်ခန်းမ၌ နမ့်တစ်မြို့အုပ်ချုပ်ရေးမှူးဦးအိုက်ရုံးနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ဆောင်ရွက်ချက်များကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နမ့်တစ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နမ့်တစ်ဒေသ၌ ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးထားသည့် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစိုက်ခင်းများကို လည်းကောင်း၊လှေကားထစ်တောင်ယာစနစ်ဖြင့် နွေစပါးများ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) သံလွင်အရှေ့ခြမ်းဒေသဖြစ်သည့် ဟိုပန်နှင့် နမ့်တစ်ဒေသတို့၌ ဘိန်းအစားထိုးသီးနှံအဖြစ် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကို အဓိကထား စိုက်ပျိုးလျက်ရှိရာ ဟိုပန်ဒေသ၌ ၃၇၁၃ ဧက၊ နမ့်တစ်ဒေသ၌ ၅၁၅၂ ဧက စိုက်ပျိုးထားရှိလျက်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နမ့်တစ်မြို့ ယုံလင်း ရော်ဘာစက်ရုံသို့ ရောက်ရှိကြပြီး ပြည်ပပို့ကုန် ရော်ဘာထုတ်လုပ်မှု အဆင့်ဆင့်တို့ကို စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ နမ့်တစ်မြို့ ယုံလင်းရော်ဘာစက်ရုံသည် တစ်နှစ်လျှင် တန် ၄၀၀ မှ တန် ၈၀၀ အထိ ထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ကွမ်းလုံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ရေကောင်းရေသန့်ရရှိရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၂၀

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO) တို့ ပူးပေါင်းပြီး ထိရောက်လွယ်ကူသက်သာသော ရေကောင်းရေသန့် ရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၇ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ တော်ဝင်ကုမုဒြာဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်မင်းက အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်သူများက ပြည်သူလူထုအတွင်း ထိရောက်လွယ်ကူသက်သာသော ရေကောင်းရေသန့် ရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဆောင်ရွက်နိုင်မည့် လုပ်ငန်းအစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက် မှ ၃၁ ရက်အထိ
ပညာ
ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

➪ **ကာကွယ်ရေးဝန်ကြီးဌာနမှ**

ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် တောင်ဥက္ကလာပမြို့နယ် ၅/၇ ရပ်ကွက် သံသုမာလမ်းနှင့် ဗြဟ္မစိုရ်လမ်းဆုံရှိ ရွှေပြည်ခိုင်ညာလမ်း မြစ်ထွက်ပေါက်အား ရေစီးရေလာကောင်းမွန်ရေးအတွက် လူအားဖြင့် အမှိုက်များ၊ နုန်းများကို အင်တိုက်အားတိုက် တူးဖော်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မှာကြားဖြည့်ဆည်း

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် သာကေတမြို့နယ်၊ အနော်မာ(၁)ရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းရှေ့ရှိ မြစ်ထွက်ပေါက်သို့စီးဝင်သည့် ရေနုတ်မြောင်းအား လူအားဖြင့် အမှိုက်များ၊ နုန်းများကို အင်တိုက်အားတိုက် တူးဖော်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက်ရှိ မြစ်ထွက်ပေါက် ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်စေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက် တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကင်းမြို့နယ် ကျိုက္ကဆံရဲရိပ်သာဝင်းအနီးရှိ ခုနစ်ပင်လိမ်ချောင်းအား ရေစီးရေလာကောင်းမွန်ရေးအတွက် Excavator စက်ယန္တရားကြီးဖြင့် နုန်းများတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းနှင့် အနောက်မြင်းပြိုင်ကွင်းလမ်းဘေး ဝဲ၊ ယာတစ်လျှောက်ရှိ အကျယ်နှင့် အမြင့်သုံးပေစီရှိ ရေနုတ်မြောင်းအား ရေစီးရေလာကောင်းမွန်စေရေးအတွက် လူအားဖြင့် အမှိုက်များ၊ နုန်းများတူးဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အမြဲမပြတ်ဆောင်ရွက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် မြောက်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ သာကေတမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကင်းမြို့နယ်နှင့် ဗဟန်းမြို့နယ်တို့တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စက်အား၊ လူအားတို့ဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရန်ကုန်မြို့တော်နေပြည်သူများ သွားလာမှုအဆင်ပြေ၍ စိတ်ချမ်းမြေ့ပျော်ရွှင်စွာနေထိုင်နိုင်ရေးအတွက် ရန်ကုန်မြို့တော်ကို အစဉ်သန့်ရှင်းသာယာလှပရေး၊ ကျန်းမာရေးအတွက် ခြင်၊ ယင်များ နှိမ်နင်းရေး၊ လမ်းများကောင်းမွန်အောင် အမြဲပြုပြင်ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်က အမြဲမပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုအခါ မိုးရာသီကျရောက်လာပြီဖြစ်၍ မြို့နယ်၊ ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြစ်ထွက်ပေါက်ရေနုတ်မြောင်းများ၊ ချောင်းများကို ရေစီးဆင်းမှု ကောင်းမွန်စေရန်နှင့် ပိတ်ဆို့မှုများမဖြစ်စေရန် စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အလားတူ ရပ်ကွက်နေပြည်သူများကလည်း မိမိအိမ်၊ ခြံဝင်းနှင့်ပတ်ဝန်းကျင်အတွင်းရှိ ရေနုတ်မြောင်းများ ချိုင့်ခွက်များတွင်လည်း ရေမဝပ်ရေး၊ ရေမတင်ရေးအတွက် တစ်ပိုင်တစ်နိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မြို့တော်နေပြည်သူများအနေဖြင့် မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ် စိမ်းလန်းစိုပြည်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်ဖြစ်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်နှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (Myanmar Computer Professionals Association) မှ ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များအား ပိုမိုထိရောက်ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ရန်အတွက် အသင်း၏အလုပ်အမှုဆောင်အဖွဲ့ကို တိုးချဲ့ဖွဲ့စည်းမည်ဖြစ်သည်။ အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လိုသူများသည် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA) ၏ Ordinary Member ဖြစ်ရမည်။ တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီး IT လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။ အလုပ်အမှုဆောင်အဖွဲ့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။ အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် လျှောက်ထားလိုသူများသည် မေ၃၁ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄)၊ အခန်း(၄)၊ မြန်မာအင်ဖိုတက် လှိုင်မြို့နယ် ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

နေပြည်တော် မေ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာ-တရုတ် နှစ်နိုင်ငံအစိုးရ ပြန်ကြားရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစီအစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သတင်းပြန်ကြားရေးရုံး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ရန် ယမန်နေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ရန် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ပို့ဆောင် နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ လှိုင်ကော်မြို့ စည်ပင်သာယာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၄ ရက်တွင် လှိုင်ကော်မြို့ ကြည်သာယာရပ်ကွက် လောပိတသံတံတားအနီး ပင်မရေစီးမြောင်းအား ရေစီးရေလာကောင်းအောင် တူးဖော်နေသော လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုပြီး ရန်ပုံငွေ ခွင့်ပြုချက်ရှိသည့်အခါ ကျောက်စီရေမြောင်းအဖြစ် တိုးတက်ပြုပြင်ပေးသွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လှိုင်ကော်မြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိရာ ကျောင်းအုပ်ကြီးဦးစိုးစံက လူငယ်သင်တန်းကျောင်းရှိ အကသင်တန်းနှင့် ပတ္တလားတီးသင်တန်းများအား လိုက်လံပြသသည်။

ဒုတိယဝန်ကြီးသည် ကျောင်းသား၊ ကျောင်းသူများ၏အိပ်ဆောင်၊စားရိပ်သာများအား ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လှိုင်ကော်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ ဆောင်ရွက်ရန်၊ ရန်ပုံငွေများသုံးစွဲရာ၌ စနစ်တကျသုံးစွဲရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လှိုင်ကော်မြို့သို့ ရေပေးဝေနေသော အမှတ်(၂) ဥတ္တရာ ရေစက်ရုံသို့လည်းကောင်း၊ လှိုင်ကော်မြို့ စည်ပင်သာယာရေးအဖွဲ့အမှတ်(၁) ပျိုးဥယျာဉ်သို့လည်းကောင်း သွားရောက်ကြည့်ရှုပြီး ပျိုးပင်များအား ဒေသရာသီဥတုနှင့် ကိုက်ညီသောပျိုးပင်များ ပြုစုပျိုးထောင်စိုက်ပျိုးရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းနိုင် မေ ၆ ရက်က လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအားတွေ့ဆုံ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များ ဆွေးနွေးပြောကြားစဉ်။ (၄၉)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၅-၂၀၀၇ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ခန္ဓာပဋိစ္စသမုပ္ပါဒ်ရှင်းတရားတော်(အပိုင်း-၂) (ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်း ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၇း၅၀	သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့လုံခြုံမှုဆီသို့
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	မြန်မာ့အနုပညာပန်းငွေထည်လုပ်ငန်း
၈း၅၀	ပြည်တွင်းသတင်းအကျဉ်း
၉း၀၀	Movie Talk (အကယ်ဒမီ ဒါရိုက်တာ ဦးထွန်းလှိုင်နှင့် တွေ့ဆုံခြင်း) အပိုင်း(၂)
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (ကျွဲကောသီး)
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	Yangon Panorama (INSTRUMENTAL TWO MEN SHOW)
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ရှေးမှုမပျက် ကုသိုလ်ယူ ရှင်ပြုနားသမြတ်သောအလှူ
၁၁း၁၀	မိုးလေဝသခန့်မှန်းချက်
၁၁း၁၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်သော ပြဿနာများ) (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (ညွှန့်သည်တော် ပဥ္စမံဒီရိုင်း)
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	ရေထဲကငွေ
၁၁း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၂း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀	ပန်းရောင်စုံပွင့်လန်း လှိုင်ကော်အိမ်တွင်းမှုသင်တန်း
၁၂း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅	အဏ္ဏဝါထဲမှရတနာ (ကဏန်းပျော့)
၁၂း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၀	ခဲမဟုတ်တဲ့ခဲတံ
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သစ်တော သစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ပဲခူးတိုင်းအတွင်း မိုးစပါးဧက သိန်း ၃၀ ပြည့်မီကျော်လွန်အောင် စိုက်ပျိုး

နွေစပါးဧက လေးသိန်း ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေးအတွက် များစွာအထေ

❑ ပဲခူးတိုင်းမှ

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့် ရေလွှဲဆည်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူပြီးနောက် တည်ဆောက်ပြီးစီးခဲ့သော ၁၉၉ခု မြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး ပဲခူးတိုင်းအနေဖြင့် ၄၃ခုမြောက်စီမံကိန်း ဖြစ်ကြောင်း၊ ယင်းကိန်းဂဏန်းများကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်က တည်ဆောက်ပြီးစီးခဲ့သည့် ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ ရေလွှဲဆည်များအနက် ပဲခူးတိုင်းတွင် ၂၂ရာခိုင်နှုန်းခန့် တည်ဆောက်ပေးခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို ဘိုင်းဒါးရေလွှဲဆည် ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (လယ်/ဆည်)

ယခုအခါ ဘိုင်းဒါးရေလွှဲဆည်ကို အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့သည့်အတွက် ရေလွှဲဆည်မှတစ်ဆင့် ဘိုင်းဒါးတူးမြောင်းထဲသို့ ရေကိုလွှဲပေးပြီး လိုအပ်က မိုးစပါးအတွက် ပျိုးထောင်ရေ၊ အောင်ရေနှင့် အဓိကအားဖြင့် နွေစပါးစိုက်ပျိုးရေကို လုံလုံလောက်လောက် ဧကန်ရရှိတော့မည်ဖြစ်ကြောင်း။

ဤရေလွှဲဆည်၏ ထူးခြားချက်တစ်ရပ်မှာ မြန်မာအမျိုးသမီးအင်ဂျင်နီယာများကိုယ်တိုင် ကြီးကြပ်ပါဝင် တည်ဆောက်ခဲ့ခြင်းဖြစ်၍ မြန်မာအမျိုးသမီးကဏ္ဍအတွက် ဂုဏ်ယူအားတက်စရာလည်းဖြစ်ကြောင်း။

ယခုရေလွှဲဆည် တည်ဆောက်ပြီးသည့်နှစ်မှာပင် နွေစပါးစိုက်ပျိုးရေးအတွက် လယ်မြေဧက ၁၀၀၀၀ ကို ရေပေးဝေနိုင်ခဲ့သည့်အပြင် လာမည့်နွေစပါးရာသီ၌လည်း လယ်မြေဧက ၁၀၀၀၀ ထပ်မံတိုးချဲ့ပေးဝေနိုင်တော့မည်ဖြစ်ကြောင်း၊ စုစုပေါင်းဧက ၄၆၇၀၀ ကို ရေပေးဝေနိုင်အောင် အစီအမံရှိရှိ ဆောင်ရွက်နေကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ပဲခူးတိုင်းအတွင်းမှာ မိုးစပါးဧက သိန်း ၃၀ ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးနှင့် နွေစပါးဧက လေးသိန်းပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေး တို့အတွက်လည်း ဤရေလွှဲဆည်သည် များစွာအထောက်အကူရစေမှာ ဖြစ်ကြောင်း။

ယခု ဘိုင်းဒါးရေလွှဲဆည်အပြင် ဤဒေသပတ်ဝန်းကျင်တွင်ရှိသည့် ကောလိယရေလွှဲဆည်နှင့် ရဲနွယ်ရေလွှဲဆည်တို့ကိုလည်း အရှိန်အဟုန်ဖြင့် တည်ဆောက်နေပြီဖြစ်ကြောင်း၊ ဤရေလွှဲဆည်များကိုလည်း မကြာမီပြီးစီးတော့မှာ ဖြစ်သည့်အတွက် တောင်သူလယ်သမားများအနေဖြင့် အဆိုပါ ရေသောက်ဧရိယာများမှာနှစ်သီးသာမက သုံးသီးစိုက်ပျိုးထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း။

ယခုကဲ့သို့ မိုးသီးနှံများ အောင်မြင်သေချာမှုရှိရေး၊ နွေရာသီ သီးနှံစိုက်ပျိုးရေး၊ နှစ်သီးမှသုံးသီး စိုက်ပျိုးရေးတို့အတွက် ရေလှောင်တမံများ၊ ရေထိန်းတံခါးများနှင့် ရေလွှဲဆည်များ တည်ဆောက်ပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးကျေးဇူးများ ခံစားရရှိနေပြီဖြစ်သည့်အတွက် ဒေသခံပြည်သူလူထုနှင့် တောင်သူလယ်သမားများကိုယ်စား တည်ဆောက်အကောင်အထည်ဖော်ပေးသည့် နိုင်ငံတော်အကြီးအကဲနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်မှ ငွေကြေးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံပြီး တည်ဆောက်ပေးခဲ့သည့် မိမိတို့လက်ဝယ်ရောက်ရှိလာသော ရေလှောင်တမံများ၊ ရေထိန်းတံခါးများနှင့် ရေလွှဲဆည်များကို ရေရှည်သားစဉ်မြေးဆက်၊ ဆက်လက်အကျိုးခံစားနိုင်အောင် မိမိတို့၏ ကိုယ်ပိုင်ဥစ္စာသဖွယ် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း၊ ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေပေးမြောင်း၊ အဆောက်အအုံများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်၊ သတ်မှတ်ထားသည့် ဆည်မြောင်း တာတမံဆိုင်ရာဥပဒေများကို လေးစားလိုက်နာကြရန် အထူးလိုအပ်ကြောင်း သတိပေး ပြောကြားလိုကြောင်း။

ဘိုင်းဒါးရေလွှဲဆည်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ သီးနှံစိုက်ပျိုးရေရရှိရေး၊ ပတ်ဝန်းကျင်ဒေသ စိမ်းလန်းစိုပြည်ရေး၊ ရေဘေးကာကွယ်ရေးတို့အတွက် ပဲခူးတိုင်းအတွင်းရှိ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများနှင့် တောင်သူလယ်သမားများက အသိစိတ်ဓာတ်ရှိရှိ၊ တာဝန်သိသိဖြင့် ပါဝင်ပူးပေါင်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြပါဟု ပြောကြားသွားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် ယနေ့ ပဲခူးတိုင်းအရှေ့ခြမ်း ဒိုက်ဦးမြို့နယ်အတွင်းမှာ ဘိုင်းဒါးရေလွှဲဆည်ကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တည်ဆောက်ဖွင့်လှစ်လိုက်သည့် ဘိုင်းဒါးရေလွှဲဆည် အနေနှင့် နယ်မြေဒေသ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို အထောက်အကူပေးနိုင်တော့မှာဖြစ်သကဲ့သို့ ပြွန်တန်ဆာလွင်ပြင်၌ မိုးအခါ ရေလွှမ်းမိုးမှုနှင့် ရန်ကုန်-မန္တလေးကားလမ်း၊ ရထားလမ်းများ မိုးတွင်းကာလ ရေကြီးမှုမှ လျော့ပါးသွားအောင် အကာအကွယ်ပေးနိုင်တော့မှာဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားမှုနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်စပ်ပြီး သီးနှံထွက်ကုန်ရောင်းဝယ်ဖောက်ကား ကုန်သွယ်မှုလုပ်ငန်းများ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများလည်း တစ်ဆက်တစ်စပ်တည်း ဟန်ချက်ညီ တိုးတက်လာတော့မှာဖြစ်ကြောင်း၊ ၎င်းတို့နှင့်ဆက်နွယ်ပြီး ဒေသခံတောင်သူ လယ်သမား၊ ပြည်သူများ၏စီးပွားရေး၊ လူမှုရေး၊ လူနေမှုအဆင့်အတန်းများ တိုးတက်လာတော့မှာ ဖြစ်သည့်အတွက် ဒေသခံပြည်သူများနှင့်ထပ်တူ ဝမ်းသာပီတိဖြစ်မိပါကြောင်း ဦးစွာပြောကြားလိုကြောင်း။

နိုင်ငံတော်နှင့် နိုင်ငံသားများ၏စီးပွားရေးပိုမိုတိုးတက်မြင့်မားလာစေရန် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားသောစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်မည်ဟု စီးပွားရေးဦးတည်ချက်များတွင် ပထမဆုံး ဦးတည်ချက်အဖြစ် ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နယ်မြေဒေသ အသီးသီးမှာရှိနေကြသည့် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်ရာတွင် ရေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် လမ်းညွှန်မှုများပြုလုပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံ၏အထက်ပိုင်း၊ အလယ်ပိုင်းနှင့် မိုးနည်းရေရှားဒေသများတွင် မြေပြင်အခြေအနေပေးမှုအပေါ် မူတည်ပြီး အကြီးစား၊ အလတ်စားနှင့်အငယ်စား ရေလှောင်တမံ စီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးစီမံကိန်းများ အကောင်အထည် ဖော် တည်ဆောက်နိုင်ရန် လမ်းညွှန်ပေးနေသကဲ့သို့ မြန်မာနိုင်ငံ အောက်ပိုင်း ဒေသများ၌လည်း ရေလှောင်တမံ စီမံကိန်းများ၊ ရေလွှဲဆည်စီမံကိန်းများ၊ ရေထိန်းတံခါးစီမံကိန်းများနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် အကောင်အထည် ဖော် တည်ဆောက်နိုင်ရန် လမ်းညွှန်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးမြေများတွင် ရေလွှမ်းသည့်အခြေအနေမှ ကာကွယ်နိုင်အောင် တာတမံ၊ ရေတံခါး စီမံကိန်းများကိုလည်း လမ်းညွှန်ခဲ့ကြောင်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆည်မြောင်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခုဖွင့်လှစ်လိုက်သည့် ဘိုင်းဒါးရေလွှဲဆည်စီမံကိန်းသည် တပ်မတော်အစိုးရ လက်ထက် ဖွင့်လှစ်လိုက်သော ၁၉၉ခုမြောက် စီမံကိန်းအဖြစ် ပေါ်ပေါက် လာခြင်းဖြစ်ကြောင်း။

စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကို အထောက်အကူပြုသည့် ဆည်တမံလုပ်ငန်းများ တည်ဆောက်နိုင်မှုကို ကြည့်မည်ဆိုလျှင် တပ်မတော် အစိုးရ နိုင်ငံတော်ကို စတင်တာဝန်ယူခဲ့သည့် ၁၉၈၈ခုနှစ်အချိန်က တစ်နိုင်ငံလုံး တွင် ဆည်တမံ လုပ်ငန်းပေါင်း ၁၃၈ခုသာ ရှိခဲ့ကြောင်း၊ အကျိုးပြုဧက ၁ ဒသမ ၃၄ သန်းသာရှိခဲ့ကြောင်း၊ အခုအချိန်တွင် ဘိုင်းဒါးရေလွှဲဆည် အပါအဝင် တစ်နိုင်ငံလုံးအနေနှင့် ဆည်တမံရေရရှိရေးစီမံကိန်း ၁၉၉ခုတိုးတက် ဆောင်ရွက် အကောင်အထည်ဖော်နိုင်ခဲ့ပြီး လယ်မြေဧက ၂ ဒသမ ၆၃ သန်းကျော် ရေပေးဝေစိုက်ပျိုးနေပြီ ဖြစ်ကြောင်း။

ထို့အတူ မြစ်ရေတင်စီမံကိန်း ၃၀၅ခုကို အကောင်အထည်ဖော်ခဲ့ပြီး ဧက ၄ ဒသမ ၆၄ သိန်းစိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း၊ မြေအောက် ရေရရှိရေးအတွက် တွင်းပေါင်း ၇၅၆၉တွင်း တူးဖော်ပေးနိုင်ခဲ့ပြီး ၉၁၃၈၈ဧက ရေပေးဝေနိုင်အောင်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ သီးနှံများ ရေသွင်းစိုက်ပျိုးနိုင်သည့် ဧရိယာမှာ ၁၉၈၈-၈၉ခုနှစ်တွင် ဧက ၂ ဒသမ ၅ သန်းနှင့် အသားတင် စိုက်ဧရိယာမှာ ၁၉ ဒသမ ၉ သန်းအပေါ် ၁၂ ဒသမ ၆ ရာခိုင်နှုန်းသာ ရှိခဲ့ကြောင်း၊ ယခုအချိန်တွင် ရေသွင်းစိုက်ပျိုးနိုင်သည့် လယ်မြေမှာ ဧက ၅ ဒသမ ၉၁ သန်းရှိခဲ့ပြီး နှစ်ဆကျော် တိုးတက်လာသည့် အလျောက် ရေသွင်းစိုက်ပျိုးမှုမှာ ၁၉ရာခိုင်နှုန်းအထိ တိုးတက်ဖြစ်ပေါ်လာခဲ့ ပြီဖြစ်ကြောင်း။

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်
တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချ
ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

ယခုရေလွှဲဆည်တည်ရှိသည့် ဒိုက်ဦးမြို့နယ်အတွင်းက ကျေးရွာအုပ်စု ၁၃ခုမှာ ပထမတစ်သီး မိုးစပါးဧက ၄၆၇၀၀၊ ဒုတိယတစ်သီး နွေစပါးနှင့် ဆီထွက်သီးနှံ ပဲမျိုးစုံ ဧက ၃၂၀၀၀ ကျော် စိုက်ပျိုးမှုရှိကြောင်း၊ သီးနှံစိုက်စွမ်းအားမှာ ၁၆၉ ရာခိုင်နှုန်းရှိကြောင်း၊ ယခုရေလွှဲဆည်က ဆည်ရေကို ထိရောက်စွာ ပေးသွင်းစိုက်ပျိုးနိုင်မှုနှင့်အတူ မိုးကာလလယ်မြေ ရေလွှမ်းမှုမှ ကာကွယ်ပေးနိုင်မှာဖြစ်သည့်အတွက် ရေတော်မိုးတော် လယ်မြေများ ဖြစ်ပေါ်တိုးတက်လာပြီဖြစ်ကြောင်း၊ မိုးစပါးနှင့် နွေသီးနှံ စုစုပေါင်းဧက ကိုးသောင်းကျော်ထိ အောင်မြင်စွာ စိုက်ပျိုးနိုင်တော့မှာဖြစ်ကြောင်း၊ သီးနှံစိုက် စွမ်းအားလည်း ၁၉၃ရာခိုင်နှုန်းအထိ တိုးတက်အကျိုးခံစားရမှာဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ သီးနှံစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် တောင်သူများ လိုအပ်ချက်နှင့်အညီ ယခုကဲ့သို့ စိုက်ပျိုးရေရရှိရေးနှင့် ရေဘေးကာက
အထည်ဖော်ပေးလျက်ရှိသကဲ့သို့ မြေယာသစ်မျ
ရေကြီးကွင်း၊ ရေနက်ကွင်းများကို ရေတော
ဖော်ထုတ်စိုက်ပျိုးနိုင်ရေးအတွက် စီမံဆောင်ရွက်
များ၏ အထွက်နှုန်းများ တိုးတက်လာရေး၊ သီး
သီးနှံစိုက်စွမ်းအားများတိုးတက်ပြီး တောင်သူ
ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများ၏
လေလွင့်ဆုံးရှုံးမှု နည်းပါးစေရေးတို့အတွက်လည
ကူညီစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရာသ
အားထားရသည့် နှစ်ရှည်ပင်ဖြစ်သော ဆီအုန်
အမယ်သစ်သီးနှံဖြစ်သည့် ငရုတ်ကောင်း၊ ရေ
ချင်း(ဂျင်း)သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက်လည
ကြောင်း၊ ပြည်တွင်းတွင်သာမက နိုင်ငံတကာ
ဖောက်ကား အကျိုးအမြတ်ရနိုင်မည့် သစ်
စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေးအတွ
ပေးလျက်ရှိကြောင်း၊ တောင်သူများ၏ စိုက်ပျိ
စေရန် မျိုးကောင်းမျိုးသန့်များ သုတေသနပြု
ဖော်ထုတ်စမ်းသပ်ပြီး မျိုးကောင်းမျိုးသန့်မျာ
အကျိုးအတွက် ဖြန့်ဖြူးပညာပေး စိုက်ပျိုး

သီးနှံစိုက်စွမ်းအား တိုးမြှင့်လာစေရန်
အချိန်တိုအတွင်း ပြင်ဆင်နိုင်စေရန် စက်မှုလ
အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှ
တောင်သူများကိုယ်တိုင် အလွယ်တကူ အ
စက်ကိရိယာများကိုလည်း ထုတ်လုပ်ဖြန့်ဖြူး

စိုက်ပျိုးရေးလုပ်ငန်းသည် လူသားများ၏
အထောက်အကူပေးရုံသာမကဘဲ လောင်စာ
အကျိုးပြုနေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း
မရွေး ပေါက်ရောက်နိုင်သည့် ခြစည်းရိုးကြ
ထုတ်လုပ်နိုင်သည့် အဖိုးတန်သီးနှံပင်ဖြစ်ကြော

ခြစည်းရိုးကြက်ဆူပင်ကရရှိသည့် ဘို
စက်ကိရိယာများကို ထည့်သွင်းမောင်းနှင်နိုင်မ
သယ်ပိုးယာဉ်ငယ်များမှာ ထည့်သွင်းအသုံးပြုနိုင်
ရေး ပိုမိုတိုးတက်လာမှာဖြစ်ကြောင်း၊ ထို့ကြေ
စိုက်ပျိုးကြရန် တိုက်တွန်းပြောကြားလိုကြော

ဘိုင်းဒါး ရေလွှဲဆည်ကို တွေ့ရစဉ်။ (လယ်/ဆည်)

ယခုအခါ ရေလွှဲဆည်ရေဖြင့် သီး
နိုင်မည့်အပြင် ဒေသတွင်း မိုးရာ
ရေမြုပ်မှုကိုလည်း ကာကွယ်
ဖြစ်ကာ ဒေသခံ တောင်သူမျ
တစ်ဦးချင်း ဝင်ငွေတိုးတက်လာပြ
အဆင့်အတန်း မြင့်မားလာမည့် စီမံ
ဖြစ်။

...ကိုလွှန်အောင် စိုက်ပျိုးနိုင်ရေးနှင့် ...ရေးအတွက် များစွာအထောက်အကူပြု

ယခုကဲ့သို့ စိုက်ပျိုးရေရရှိရေးနှင့် ရေဘေးကာကွယ်ရေးစီမံကိန်းများ အကောင်အထည်ဖော်ပေးလျက်ရှိသကဲ့သို့ မြေယာသစ်များ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ရေကြီးကွင်း၊ ရေနက်ကွင်းများကို ရေတော်၊ မိုးတော် လယ်မြေအဖြစ် ဖော်ထုတ်စိုက်ပျိုးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရှိပြီးစိုက်ဧကများ၏ အထွက်နှုန်းများ တိုးတက်လာရေး၊ သီးနှံများ အကြိမ်ကြိမ်စိုက်ပျိုးနိုင်ပြီး သီးနှံစိုက်စွမ်းအားများတိုးတက်ပြီး တောင်သူများ ဝင်ငွေတိုးစေရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများ၏စိုက်စရိတ်များ ကျဆင်းရေး၊ လေလွင့်ဆုံးရှုံးမှု နည်းပါးစေရေးတို့အတွက်လည်း တောင်သူများအကျိုးအတွက် ကူညီစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရာသီ သီးနှံသာမက ပို့ကုန်အတွက် အားထားရသည့် နှစ်ရှည်ပင်ဖြစ်သော ဆီအုန်း၊ ရော်ဘာ တိုးချဲ့စိုက်ပျိုးရေး၊ အမယ်သစ်သီးနှံဖြစ်သည့် ငရုတ်ကောင်း၊ ကော်ဖီ၊ လက်ဖက်၊ ကြက်သွန်၊ ချင်း(ဂျင်း)သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းတွင်သာမက နိုင်ငံတကာဈေးကွက်၌လည်း ရောင်းဝယ်ဖောက်ကား အကျိုးအမြတ်ရနိုင်မည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေးအတွက်လည်း ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် မျိုးကောင်းမျိုးသန့်များ သုတေသနပြုဖော်ထုတ်ပေးလျက်ရှိကြောင်း၊ ဖော်ထုတ်စမ်းသပ်ပြီး မျိုးကောင်းမျိုးသန့်များကိုလည်း တောင်သူကြီးများ အကျိုးအတွက် ဖြန့်ဖြူးပညာပေး စိုက်ပျိုးစေလျက်ရှိကြောင်း။

သီးနှံစိုက်စွမ်းအား တိုးမြှင့်လာစေရန် သီးနှံတစ်ခုနှင့် တစ်ခုအကြား အချိန်တိုအတွင်း ပြင်ဆင်နိုင်စေရန် စက်မှုလယ်ယာ ကူးပြောင်းရေးကိုလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုလယ်ယာ ကူးပြောင်းရေးမှာ တောင်သူများကိုယ်တိုင် အလွယ်တကူ အသုံးပြုနိုင်သည့် လယ်ယာသုံး စက်ကိရိယာများကိုလည်း ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို ဘိုင်းဒါးရေလွှဲဆည် ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (လယ်/ဆည်)

စိုက်ပျိုးရေးလုပ်ငန်းသည် လူသားများ၏ စားရေး၊ ဝတ်ရေးနှင့်နေရေးကို အထောက်အကူပေးရုံသာမကဘဲ လောင်စာဆီ ထုတ်လုပ်ရေးအတွက်ပါ အကျိုးပြုနေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ဒေသမရွေး၊ မြေကောင်းမြေညံ့ မရွေး ပေါက်ရောက်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်ဟာ ဘိုင်အိုဒီဇယ် ထုတ်လုပ်နိုင်သည့် အဖိုးတန်သီးနှံပင်ဖြစ်ကြောင်း။

ခြံစည်းရိုးကြက်ဆူပင်ကရရှိသည့် ဘိုင်အိုဒီဇယ်နှင့် လယ်ယာသုံး စက်ကိရိယာများကို ထည့်သွင်းမောင်းနှင်နိုင်မည့်အပြင် ရေစုပ်စက်၊ မီးစက်၊ သယ်ပိုးယာဉ်ငယ်များမှာ ထည့်သွင်းအသုံးပြုနိုင်မှာဖြစ်သည့်အတွက် လူမှုစီးပွားရေး ပိုမိုတိုးတက်လာမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

...ခါ ရေလွှဲဆည်ရေဖြင့် သီးထပ်စိုက်ပျိုး ...အပြင် ဒေသတွင်း မိုးရာသီ ရေလွှမ်း ...ကိုလည်း ကာကွယ် ပေးနိုင်မည် ... ဒေသခံ တောင်သူများအနေဖြင့် ...င်း ဝင်ငွေတိုးတက်လာပြီး လူနေမှု ...တန်း မြင့်မားလာမည့် စီမံကိန်းတစ်ခု

ဘိုင်အိုဒီဇယ် ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့်အကူအညီမှန်သမျှကိုလည်း ဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သည့် ဘိုင်အိုဒီဇယ်အသုံးပြုသော ခေတ်မီစံပြရွာများဖြစ်အောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ကြသည့် ဒေသခံတောင်သူများသာမက ဒေသတွင်းက သီးနှံများ သယ်ပို့ရောင်းဝယ်ကြသူများ၏ စီးပွားရေး ပိုမိုတိုးတက်မြင့်မားလာစေရန် ယခုရေလွှဲဆည်ကို နိုင်ငံတော်က ငွေကျပ် ၁၁၈၅သန်းကျော် အကုန်အကျခံပြီး ပြည်တွင်းက ကိုယ်ပိုင်စွမ်းအားနှင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ စီမံကိန်းကို ပြီးမြောက်အောင်မြင်အောင် ကြိုးကြပ်စီမံ အကောင်ထည်ဖော်ပေးကြသည့် ဒေသအာဏာပိုင် အဖွဲ့အစည်းနှင့် ဝိုင်းဝန်းကူညီပံ့ပိုးကြသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် အမြန်ဆုံးအသုံးချနိုင်အောင် တည်ဆောက်ပေးကြသည့် ဆည်မြောင်းဝန်ထမ်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ဒေသခံပြည်သူများအတွက် သားစဉ်မြေးဆက် အကျိုးဖြစ်ထွန်းစေမည့် ရေလွှဲဆည်ကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြရန် မှာကြားလိုကြောင်း၊ မိမိတို့အကျိုး၊ နိုင်ငံတော်အကျိုးအတွက် သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းသွားကြရန်မှာကြားလိုကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်၏လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ယခုကဲ့သို့ နယ်မြေဒေသအသီးသီး၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ဒိုက်ဦးမြို့နယ်မှ ဦးသိန်းမြင့်က ဘိုင်းဒါးရေလွှဲဆည်ကို တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် မင်္ဂလာအချိန်တွင် ဘိုင်းဒါးရေလွှဲဆည်ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များက ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖဲကြိုးဖြတ်၍ ဘိုင်းဒါးရေလွှဲဆည်စီမံကိန်းကို ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးတို့သည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းအမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဘိုင်းဒါးရေလွှဲဆည်၏ ရေပေးမြောင်းနှင့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ရေလွှဲဆည် တည်ဆောက်ခဲ့မှု လုပ်ငန်းများ၊ ဆည်ရေသောက်စနစ်နှင့် တည်ဆောက်ဆဲကာလမှာပင် ဆည်ရေပေးဝေမှု၊ နွေစပါးစိုက်ပျိုးမှုတို့ကို မှတ်တမ်းတင်ပါဝါပွိုင့်နှင့် ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် တိုင်း၊ခရိုင်၊မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီတို့က ရှင်းလင်းတင်ပြကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ဌေးဦး ဘိုင်းဒါးရေလွှဲဆည် ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (လယ်/ဆည်)

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ဝန်ထမ်းများနှင့် တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များအား စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ ဆည်ရေပေးဝေရေး၊ သီးနှံပုံစံဖြင့် စိုက်ပျိုးထုတ်လုပ်ရေးတို့ကိုမှာကြားကာ လိုအပ်ချက်များ ပံ့ပိုး ဖြည့်ဆည်းပေးသည်။

ဘိုင်းဒါး ရေလွှဲဆည်သည် ဖွင့်လှစ်ပြီး ဘိုင်းဒါး ရေလှောင်တမံအောက်ဘက် ၁၆မိုင်အကွာတွင်တည်ရှိပြီး ရေလွှဲဆည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ အမြင့် ၂၀ ဒသမ ၅ပေ၊ အကျယ်ပေ ၂၅၀၊ အလျား ၉၈ပေ ရှိသည်။ တူးမြောင်းမကြီးမှာ ၁၅မိုင်ရှည်ပြီး လက်တံမြောင်း လေးခုပါရှိကာ အရှည် ၅၇မိုင် ရှိသည်။ တူးမြောင်းအဆောက်အအုံ ၁၃၆၈ခုဖြင့် ဆည်ရေပေးဝေကာ ဆည်ရေပေးနိုင်သည့် ဧကမှာ ၄၆၇၀၀ ဖြစ်သည်။ ဘိုင်းဒါးတမံမှ ဆည်ရေကို ရေလွှဲဆည် တည်ဆောက်ဆဲကာလမှာပင် ချောင်းပိတ်၊ မြောင်းပိတ်စနစ်ဖြင့် နွေစပါးစိုက်ပျိုးခဲ့သည်။ ယခုအခါ ရေလွှဲဆည်ရေဖြင့် သီးထပ်စိုက်ပျိုးနိုင်မည့် အပြင် ဒေသတွင်း မိုးရာသီ ရေလွှမ်း ရေမြုပ်မှုကိုလည်း ကာကွယ်ပေးနိုင်မည် ဖြစ်ကာ ဒေသခံတောင်သူများ အနေဖြင့် တစ်ဦးချင်း ဝင်ငွေတိုးတက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မား လာမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း မတ္တရာမြို့နယ်အတွင်း ကျေးရွာလူထုများနှင့် တွေ့ဆုံ ကျေးရွာပြည်သူများ၏ တင်ပြချက်များကို ဖြည့်ဆည်းပေး

နေပြည်တော် မေ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် တိုင်းအလုပ်အမှုဆောင်များ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်း မတ္တရာမြို့နယ် လမိုင်းကျေးရွာအုပ်စုမှ ကျေးရွာလူထုတွေ့ဆုံပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ လမိုင်းကျေးရွာ ဓမ္မာရုံ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲကိုကျင်းပရာ လမိုင်းကျေးရွာအုပ်စု၊ ကြားရွာအုပ်စု တောင်ကန်ကျေးရွာအုပ်စုနှင့် ထန်းပင်ကုန်းကျေးရွာအုပ်စုမှ ကျေးရွာအုပ်စု အလိုက် အသင်းဝင် အဆိုပြုလွှာ ၃၀၀၀ကို ပေးအပ်ကြရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက လက်ခံသည်။

ထို့နောက် ဒေသခံပြည်သူများက မိမိတို့ဒေသ၏ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကိစ္စရပ်များကို ကျေးရွာပြည်သူများမှ တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက အမှာစကားပြောကြားပြီး ကျေးရွာပြည်သူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် လမိုင်းကျေးရွာ၌ ဖွင့်လှစ်ရောင်းချနေသော ဝင်းသူဇာ အရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဘုရားကုန်းကျေးရွာသို့ရောက်ရှိပြီး ထိုမှတစ်ဆင့် အောက်တောင်ကိုင်းအုပ်စု ကျေးရွာလူထုတွေ့ဆုံပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ အောက်တောင်ကိုင်းကျေးရွာအုပ်စုမှ စုစုပေါင်းကျေးရွာ ၁၃အုပ်စုတို့က အသင်းဝင် အဆိုပြုလွှာ ၁၀၀၀၀ကို ကျေးရွာအုပ်စု စည်းရုံးရေးမှူးများက ပေးအပ်ကြရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက လက်ခံသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် တစ်ဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ဝင်ရောက်ရခြင်း အကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေသခံပြည်သူများက ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး လမ်းပန်းဆက်သွယ်ရေးနှင့် ရေကောင်းရေသန့်ရရှိမှု အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ကျော်သာကုမ္ပဏီမှ ဦးဝင်းလွင်က ဝေဟင်မကျေးရွာအတွက် ငွေကျပ်ငါးသိန်း၊ ဟသ်ာကုန်းကျေးရွာ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း ပြုပြင်ရန်အတွက် ငွေကျပ် ငါးသိန်းစီ၊ မန္တလေးစက်မှုဇုန်ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က ပျဉ်ကာကျေးရွာ၊ အေးကုန်းကျေးရွာနှင့် စက်ထိပ်ကျေးရွာ စာသင်ကျောင်းများ ပြုပြင်ရန်အတွက် ငွေကျပ် ငါးသိန်းစီ၊ Mother Trading Co. Ltd. မှ ဦးအောင်မြတ်က ရှမ်းတောကျေးရွာ၊ ရွှေချောင်းကျေးရွာနှင့် အောက်တောင်ကိုင်းကျေးရွာများအတွက် ပညာရေးရန်ပုံငွေကျပ်ငါးသိန်းစီကို ပေးအပ်ကြရာ ကျေးရွာစည်းရုံးရေးမှူးများက လက်ခံကြသည်။

ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မွန်းလွဲပိုင်းတွင် မတ္တရာမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တို့မှ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ အသင်းဆိုင်ရာ စည်းရုံးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြင့် ဆောင်ရွက်သွားရေးကိစ္စရပ်များကို မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်းနှင့် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မန္တလေးခရိုင်အတွင်းရှိ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ၊ အမရပူရ၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပုသိမ်ကြီးနှင့် ချမ်းမြသာစည်မြို့နယ် ခုနစ်မြို့နယ်မှ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးအား မြို့နယ် အတွင်းရေးမှူးများက မိမိတို့ဒေသ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြဆွေးနွေးရာ တိုင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်သူတို့နှင့် အတူ တက်ကြွစွာပါဝင်ဆောင်ရွက်သွားရေး၊ ပြည်တွင်း ပြည်ပသတင်း အချက်အလက်များကို လေ့လာဆန်းစစ်၍ ပြည်သူလူထုအကျိုးစီးပွားကို နိုးကြားတက်ကြွစွာ ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားရေး၊ အရည်အချင်းပြည့်ဝသော အသင်းသားများ တိုးတက်များပြားလာအောင် စည်းရုံးရေးကိစ္စရပ်များကို အသေးစိတ် မှာကြားဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မတ္တရာမြို့နယ် အောက်တောင်ကိုင်း ကျေးရွာအုပ်စု ၁၃စုမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများကို လက်ခံစဉ်။

(စက်မှု-၁)

မဏိပူရရေလှောင်တမံနှင့် ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်း တိုင်းမှူး ဗိုလ်ချုပ်သာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၁၀ရက် နံနက်ပိုင်းက ကလေးမြို့နယ်၊ မဏိပူရရေလှောင်တမံဘက်စုံစီမံကိန်းသို့ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)ညွှန်ကြားရေးမှူး ဦးဘစ်တာက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးကာ DIVERSION TUNNEEL OUT အမှတ်(၁/၂)နှင့် DIVERSION TUNNEEL INLET အမှတ် (၁/၂)တို့အားကြည့်ရှုစစ်ဆေးသည်။

မဏိပူရရေလှောင်တမံသည် ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ပြီး ဆည်ရေသောက်လယ်မြေ ဧက ၅၀၀၀၀ဧက်ကို ရေပေးဝေနိုင်မည်ဖြစ်သည်။

ဆက်လက်၍ တိုင်းမှူးသည် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိရာ ညွှန်ကြားရေးမှူး ဦးဘစ်တာက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလ အချိန်မီပြီးစီးရန် ကြိုးစား ဆောင်ရွက်ကြရေးတို့ကို မှာကြားကာ ရာဇဂြိုဟ်ရေလှောင်တမံအတွင်း စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရာဇဂြိုဟ် ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး ကန်ရေပြည့်ဧရိယာဧက ၉၈၀ ဧက်ရှိကာ ဆည်ရေသောက်ဧရိယာဧက ၆၅၀၀ ဧက်ကို ရေပေးဝေနိုင်မည်ဖြစ်သည်။

ပိုမိုထုတ်လုပ်

မဏိပူရရေလှောင်တမံစီမံကိန်းနှင့် ရာဇဂြိုဟ်ရေလှောင်တမံ စီမံကိန်းများ ပြီးစီးပါက ကလေးခရိုင်နှင့် ဂန့်ဂေါခရိုင်အတွင်း ဆည်ရေသောက်လယ်မြေဧရိယာများတိုးပွားလာကာ စိုက်ပျိုးမြေများ ထပ်မံဖော်ထုတ်နိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားများကိုလည်း ပိုမိုထုတ်လုပ်လာနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အကောက်ခွန်ဦးစီးဌာန၏ အကြိမ်(၂၀)မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုမှတ်တမ်း ပြန်လည်ချီးမြှင့်

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်ဆဲဖြစ်သည့် အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီး ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် ဦးဘရင်-ဒေါ်ရွှေသော့၊ ဦးကျော်ဝင်း-ဒေါ်တင်လှိုင်၊ ဦးသန်းဇော်တို့အား ရည်စူး၍ ရန်ကုန်မြို့ အဆင့်မြင့် မင်္ဂလာဈေး၊ ဆိုင်အမှတ် ၇၇၊ ၇၈(မြေညီ) ဟသ်ာအထည်ဆိုင်ဒေါ်ဌေးဌေးဝင်း၊ သမီး စုစန္ဒီဝင်း၊ သားမောင်ပြည့်စုံ မိသားစုက ကျောင်းအလှူ အမေရိကန်ဒေါ်လာ တစ်ရာလှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင်ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုမှတ်တမ်း ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

အကောက်ခွန် ဦးစီးဌာန ဝန်ထမ်းမိသားစု ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် မေ ၂၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီးဒေါ်ခင်သန်းဝင်းတို့အားအမှူးထား၍ အကောက်ခွန်ဦးစီးဌာန၏ အကြိမ်(၂၀) မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အင်းယားမြိုင်လမ်းရှိ မင်းကွန်းတောရကျောင်းတိုက်၌ ကျင်းပရာ အဆိုပါကျောင်းတိုက် ဒုတိယနာယက သိမ်ကျောင်းဆရာတော် သာသနဓဇ သိရီပဝရဓမ္မာစရိယ ဒီဃနိကာယပါဋိပါရဂူ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဉာဏနှင့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းနှင့် ဇနီး ဒေါ်သီတာလွင်၊ အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညို၍ သိမ်ဆင်း လောင်းလှူကြသည်။

ရှေးဦးစွာ မင်းကွန်းတောရကျောင်းတိုက် ဒုတိယနာယက သိမ်ကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းနှင့် ဇနီး၊ အကောက်ခွန်ဝန်ထမ်း မိသားစုများကဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး သိမ်ကျောင်းဆရာတော်ထံမှ ရေစက်ချတရား နာယူကြသည်။

ထို့နောက် လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ အလှူတော်မင်္ဂလာပွဲတွင် ရဟန်းလောင်း ၄၄ပါး၊ ရှင်သာမဏေ ခြောက်ပါး၊ သီလရှင်လောင်း ၁၂ပါး တို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်းအတွင်း ဖွင့်လှစ်ပြီးဖြစ်သော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အဆောက်အအုံ၊ ငွေပဒေသာပင်၊ စာအုပ်စာစောင်များနှင့် လူထုဆက်သွယ်ရေးပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို မေ ၂၁ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၅၅၇၁၇တိုက်ကို ဖွင့်လှစ်ထားရှိပြီး ဖြစ်သည်။

အဆိုပါ စာကြည့်တိုက်များအတွက် စေတနာရှင်များက လှူဒါန်းလိုသော စာအုပ်၊ စာစောင်၊ ဂျာနယ်၊မဂ္ဂဇင်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ တယ်လီဖုန်း ၀၁-၂၅၄၂၇၀ သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ လှိုင်မြို့နယ် ယုဇနလမ်း အေးရိပ်မွန်အိမ်ရာနေဒေါ်ခင်လှက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန် ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အဓိပတိလမ်း စိန်ရတုခန်းမအနီး တက္ကသိုလ်ဝင်းနေ ကွယ်လွန်သူ ဦးစိုင်းနွံကျောက်(အကောက်ခွန်မှူး)အား ရည်စူး၍ ကျန်ရစ်သူမောင်နှမများက ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၅-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၁၀	၆။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၂၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၁၅	၁၀။	မိုးလေဝသသတင်း
၆:၂၀	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရှိတော့ရှိတယ်ရှားတယ်" (အပိုင်း-၁၉)**
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၆။	မေးမြန်းစူးစမ်း
	၁၇။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အထူးရဲ (အပိုင်း-၇)**
	၁၉။	သင့်အတွက်မနက်ဖြန်
	၂၀။	အပိတ်နှုတ်ဆက်စကား
	၂၁။	ပြီးပါပြီ။

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆက်သွယ်ရေးလုပ်ငန်းများစစ်ဆေး Myanmar Info-Tech သို့ သွားရောက်ကြည့်ရှု

ရန်ကုန် မေ ၂၀

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၉ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ စာပို့လုပ်ငန်း (EMS)သို့ ရောက်ရှိပြီး နေပြည်တော်စာတိုက်ကြီးတွင် အသုံးပြုမည့် စာပို့ယာဉ်များ နေပြည်တော်သို့ပို့ဆောင်ရန် အသင့်ဖြစ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် ဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာ ချောပို့လုပ်ငန်း (ECS)နှင့် အပြည်ပြည်ဆိုင်ရာ စာပို့လုပ်ငန်း (EMS)သို့ ရောက်ရှိပြီး လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၌ ဆက်သွယ်ရေးစနစ်များ တိုးတက် ကောင်းမွန်စေရေးအတွက် ဌာနအကြီးအကဲများ၊ အင်ဂျင်နီယာများ၊ လုပ်ငန်းတာဝန်ခံများနှင့် တွေ့ဆုံပြီး တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး တယ်လီဖုန်းစနစ်များ တိုးတက်ကောင်းမွန်စေရေးအတွက် စေတနာထားရှိမှု၊ တာဝန်ကျေပွန်မှု၊ စက်ပစ္စည်းများ စနစ်တကျ ကိုင်တွယ်မှုဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် (၈)မိုင်ရှိ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးစခန်းသို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဆက်သွယ်ရေးစနစ်များ ကောင်းမွန်ရေးနှင့် စက်ပစ္စည်းများ စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရေး မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် မြန်မာနိုင်ငံ ကွန်ပျူတာလုံခြုံရေး လုပ်ငန်း နည်းပညာ အကောင်အထည်ဖော်ရေးဌာနသို့ရောက်ရှိပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် ရွှေဂုံတိုင်ရှိ မိုဘိုင်းလ် ဆက်သွယ်ရေးဌာနသို့ ရောက်ရှိပြီး အင်ဂျင်နီယာချုပ်များက မိုဘိုင်းလ် ဆက်သွယ်ရေးစနစ်များ ဆောင်ရွက်ထားရှိမှု၊ ရန်ကုန်မြို့ အော်တိုတယ်လီ ဖုန်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာဝန်ကြီးကရန်ကုန်မြို့တွင် ရာသီဥတုကြောင့် ဖြစ်ပေါ်ခဲ့သော ပျက်စီးမှုများကို အမြန်ဆုံးပြုပြင်အစားထိုးနိုင်ရေး စီမံဆောင်ရွက်ပေးကာ လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး မိုဘိုင်းလ်နှင့် အော်တိုတယ်လီဖုန်းစနစ်များ ကောင်းမွန်ရေး ဆွေးနွေးမှာကြားသည်။

ဝန်ကြီးသည် ယနေ့တွင် လှိုင်တက္ကသိုလ် နယ်မြေရှိ Myanmar Info-Tech သို့ရောက်ရှိပြီး သတင်းအချက်အလက် နည်းပညာ ဗဟိုဝန်ဆောင်မှု ကုမ္ပဏီရုံးခန်းကိုကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ အင်ဖိုတက်အဆောက်အအုံအတွင်းရှိ အိုင်တီကုမ္ပဏီများ၏ အခြေအနေနှင့် ရုံးခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ယင်းနောက် ဝန်ကြီးအား အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့မှ တာဝန်ရှိသူများက IT Industry ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုတင်ပြကြရာ ဝန်ကြီးက အများပြည်သူသုံး အင်တာနက်စင်တာများ(Public Access Center) ထပ်မံတိုးချဲ့တပ်ဆင်သွားရန်၊ တိုးချဲ့လာသည့် ဆက်သွယ်ရေး အခြေခံ အဆောက်အအုံနှင့် လိုက်လျောညီထွေစွာ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများအတွင်း အိုင်တီအသုံးချလုပ်ငန်းစဉ်များချဲ့ထွင်ဆောင်ရွက်သွားရန်နှင့် အသစ် တည်ဆောက်မည့် ရတနာပုံမြို့သစ်စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မည့် လုပ်ငန်းရပ်များကို ရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို စီမံဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသား၊ သမီးများအား ပညာသင် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၁၈ ရက်က မြို့နယ်ရုံးအစည်းအဝေး ခန်းမတွင်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန် ပညာသင်ထောက်ပံ့ငွေပေးအပ်စဉ်။ (၆၃)

စမ်းချောင်းမြို့နယ် လင်းလွန်းမြောက်ရပ်ကွက်တွင် မေ ၂၀ ရက်က နိုင်ငံသား စိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ပြုလုပ်ပေးရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကြည်မြင့်နှင့် ဝန် ထမ်းများ၊ မြို့နယ် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေး အဖွဲ့နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များလင်းလွန်းမြောက်ရပ်ကွက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စိစစ်ဆောင်ရွက်ပေးကြစဉ်။ (ဝ၄)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် လှိုင်တက္ကသိုလ်နယ်မြေရှိ Myanmar Info-Tech တွင် ကြည့်ရှုစစ်ဆေးစဉ်။
(ဆက်သွယ်ရေး)

အင်းစိန် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဘက်စုံတည်ဆောက်ရေး အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၀

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့သစ်(က+ခ) ရပ်ကွက်ရှိ ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဘက်စုံ တည်ဆောက်ရေးအတွက် ရပ်ကွက် ၂၁ ရပ်ကွက်သို့ ဓာတ်တော်များလှည့်လည်အပူဇော်ခံပွဲမှ အလှူခံရရှိငွေ ကျပ် ၁၉ သိန်း ၉ သောင်းကျော် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် အဆိုပါဘုရားကြီးရင်ပြင်တော်၌ ကျင်းပရာ ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက အမှာစကားပြောကြားပြီး ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်က ဘုရားကြီး ဘက်စုံတည်ဆောက်ပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အင်းစိန်မြို့နယ်အတွင်းရှိ ကြို့ကုန်းအနောက်၊ မြို့သစ်(က+ခ)၊ စော်ဘွားကြီးကုန်း၊ တညင်းကုန်း၊ စဥ့်ငူ၊ ဖော့ကန်၊ ပိန္နဲကုန်း၊ ကြို့ကုန်းအရှေ့၊ ဈေးကုန်းအရှေ့၊ အောင်ဆန်း၊ မြို့သစ်(ဂ)၊ တောင်သူကုန်း၊ ကမ်းနားအနောက်၊ ဈေးကုန်းအနောက်၊ ရွာမအနောက်၊ ကမ်းနားအလယ်၊ နံ့သာကုန်း၊ ကွက်သစ်၊ ရွာမအရှေ့၊ ရွာမအလယ်နှင့် ပေါက်တောရပ်ကွက်တို့မှ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နှင့် အတွင်းရေးမှူး ဦးအောင်ကိုလတ်တို့ထံ ဖောင်တော်ဦး ဘုရားကြီး ဓာတ်တော်များလှည့်လည် အပူဇော်ခံရရှိငွေ ကျပ် ၁၉သိန်း ၉သောင်းကျော် ပေးအပ်လှူဒါန်းကြရာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဘုရားကြီးဝတ်အသင်းများက အရပ်(၁၀)မျက်နှာ မေတ္တာပို့ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သြဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းပွဲကျင်းပမည်

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် အဘိဓမ္မာ သင်တန်းကြီးကြပ်ရေးအဖွဲ့၏ သြဝါဒါစရိယ ပဓာန နာယက ဆရာတော်ဘဒ္ဒန္တ ကုမာရ(အဂ္ဂမဟာပဏ္ဍိတ)ထံမှ သြဝါဒခံယူပွဲ၊ ၂၀၀၆ခုနှစ်အတွင်း ကျင်းပခဲ့သော သာသနာရေးဦးစီးဌာန၏ အဘိဓမ္မာ၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)၊ ဝိသုဒ္ဓိမဂ်စာမေးပွဲ၊ မုံရွာလယ်တီမဟာသရဏဂုံတော်ကြီး စာမေးပွဲများတွင် မိမိတို့သင်တန်းမှ ဖြေဆို အောင်မြင်ကြသူများအား စာအောင်ဆုနှင်းပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို မေ ၂၆ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျောင်းတိုက်ရှိ ရဟန္တာသိမ်တော်ကြီး အတွင်း၌ ကျင်းပမည်ဟု သတင်းရရှိသည်။ (က-ပ)

အင်းစိန်ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေထံ ကြို့ကုန်း အနောက်ရပ်ကွက် ဥက္ကဋ္ဌ ဦးတင်ရွှေ၊ အဖွဲ့ဝင် ဦးအောင်နိုင်ဦး တို့က အလှူငွေ ကျပ်လေးသိန်း ပေးအပ်လှူဒါန်းစဉ်။

(၆၁)

နှစ်ဖက်မိဘများအား အမှူးထား၍ တာမွေမြို့နယ် သုခလမ်းနေ ကိုဇော်ထွန်းဦး-မဌေးဌေး၊ သား မောင်ထွန်းသီဟအောင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။

(က-ပ)

NLD ပါတီသည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိ ခေါင်းဆောင်များစိတ်ဝမ်းကွဲနေ၊ ပါတီတာဝန်များဆက်လက်ဆောင်ရွက်လိုစိတ်မရှိ စစ်ကိုင်းမြို့နယ်မှ ပါတီဝင်သုံးဦး နုတ်ထွက်

ရန်ကုန် မေ ၂၀

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော နှီးတွင်းကျေးရွာအုပ်စုမှ ဦးပေါက်စီ၊ ဦးသောင်းဌေး၊ ဦးနီကြီးတို့သည် မေ ၇ရက်တွင် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာကိုပေးပို့ နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော အဆိုပါ ပါတီဝင်သုံးဦးတို့၏ နုတ်ထွက်လွှာတွင် ၎င်းတို့တာဝန်ထမ်းဆောင်နေစဉ်ကာလတစ်လျှောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီသည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိခြင်း၊ ခေါင်းဆောင်များစိတ်ဝမ်းကွဲနေခြင်း၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ပါဝင်ကူညီပံ့ပိုးမှုမရှိခြင်း၊ ပါတီခေါင်းဆောင်များသည် အာဏာမက်မောပြီး အာဏာရရှိရေးကို အဓိကထား၍ ကိုယ်ကျိုး အတ္တကြီးမားစွာ ဆောင်ရွက်နေခြင်း၊ နိုင်ငံရေးနှင့်ပတ်သက်၍ အရည်အချင်းနည်းပါးခြင်း၊ နိုင်ငံရေးအချောင်လိုက်နေခြင်းများကိုသာ တွေ့မြင်ရ၍ ပါတီတာဝန်များကို ဆက်လက်ဆောင်ရွက်လိုစိတ် မရှိတော့သည့်အတွက် မိမိတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီဝင်အဖြစ်မှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏ်ပြုပူဇော်

ရန်ကုန် မေ ၂၀

နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသည့် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားကြီးတိုက် မဏိရတနာကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ(ဒွိပိဋကဓရ) မိုးကုတ်အဖွဲ့ချုပ်ကြီး(ရန်ကုန်)၏ မဟာနာယကအား ဂုဏဂိတိပူဇာပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီက ခြောက်ထပ်ကြီး ဘုရားကြီးတိုက် မင်္ဂလာသိမ်တော်ကြီး၌ကျင်းပရာ ဘွဲ့ခံဆရာတော် ဘဒ္ဒန္တပဏ္ဍိတ(ဒွိပိဋကဓရ)က ဩဝါဒကထာများချီးမြှင့်တော်မူသည်။ **(အပေါ်ပုံ)**

(၅၀၆)

ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ အလဲထိုး၊ အကွဲထိုးဖြင့်ယှဉ်ပြိုင် ဝင်းထွန်း၏ ဘယ်၊ ညာခတ်ခြေကြောင့် ကျော်ငြိမ်းရှုံးရ

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူး၍ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ရန်ပုံငွေ ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ယနေ့ မွန်းလွဲ၂နာရီမှစတင်၍ ကျိုက္ကစံကွင်းမိုးလုံလေလုံအားကစားရုံ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ ပထမနေ့ ပွဲစဉ်များကဲ့သို့ပင် သရေပွဲမရှိဘဲ ပွဲစဉ် ၁၂ပွဲလုံး အလဲထိုး၊ အကွဲထိုးများဖြင့် ယှဉ်ပြိုင်ထိုးသတ်ကြသဖြင့် ပရိသတ် စိတ်ကြိုက်တွေ့ခဲ့ကြသည်။

ယနေ့ပွဲစဉ်များတွင် (၃)ချီကြားပွဲငါးပွဲပါဝင်လာရာစိုးအောင်(ရွှေလက်ရာ) က အေးနိုင် (တွံတေး)အား ပထမအချီ၌ ဒိုင်ပွဲရပ်ဖြင့်အနိုင်ရရှိပြီး အောင်သူဟိန်း (တွံတေး) နှင့် သူရအောင်ကို (မအူပင်) တို့ပွဲတွင် အောင်သူဟိန်းက ပြိုင်ဘက်ကြမ်းပေါ်အကျတွင် ကန်မိသည့်အတွက် ခုံဒိုင်က ၎င်းအား အရှုံးပေးလိုက်သည်။ ကြီးမောင် (မ/ဒဂုံ) က ကျော်ရဲအောင် (သထုံ)အား ဒုတိယအချီ၌ ညာဖြောင့်ဖြင့် လည်းကောင်း၊ သန့်ဇင် (ပြည်)က အရိုင်းလေး (သာကေတ) အား ပထမအချီ၌ ဘယ်ပင့်လက်သီးဖြင့် လည်းကောင်း၊ မိုက်သဲ (နန်းပေါက်)က ရွှေထွန်းညို (သထုံ)အား ပထမအချီ၌ ညာထောက်လက်သီးဖြင့်လည်းကောင်း အသီးသီး အလဲထိုး အနိုင်ယူသွားကြသည်။

(၄)ချီ အထူးပွဲများတွင် စောမျိုးထွန်း (တွံတေး)အား မိုက်သဲလေး (ရန်ကုန်) က တတိယအချီ ၂မိနစ် ၅၂စက္ကန့်၌ အလဲထိုးလိုက်သည်။ အောင်ပိုင်လေး (သထုံ)နှင့် စောထူးသစ်(ရွှေလက်ရာ) တို့ပွဲတွင် ပထမအချီ ၁မိနစ် ၅၇စက္ကန့်၌ စောထူးသစ် ဘယ်လက်ခုံ ရိုးကျိုးသဖြင့် အရှုံးပေးလိုက်ရသည်။ စောကျားမင်း (ရွှေလက်ရာ)နှင့် ဘိုဘို (သထုံ)တို့ပွဲတွင် ဘိုဘို၏ ဘယ်ညာလက်သီးတွဲနှင့် ညာပတ်ခြေတို့ကြောင့် ဒုတိယအချီ ၂ မိနစ် ၅၁ စက္ကန့်၌ စောကျားမင်း အရှုံးပေးသွားရသည်။

(၅)ချီ စိန်ခေါ်ပွဲများတွင် ရှမ်းလေး (မထိလာ)နှင့် ပြည်၊နယ်တိုင်းထပ်ဆင့် ရွှေတံဆိပ်ရှင် ရွှေထွန်းယုံ(ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ကြရာ ရှမ်းလေးက ဘယ်ညာအမြင့် ကန်ချက်များဖြင့် တိုက်စစ်ဆင်သည့်ကြားမှ ရွှေထွန်းယုံက အတင်းဝင်၍ ဘယ်တံတောင်ဖြတ်ဆွဲလိုက်သဖြင့် ရှမ်းလေး ညာမျက်ခမ်းအောက်ကွဲ၍ ပထမအချီ ၂၄စက္ကန့်၌ပင် ဆေးရှုံး ရှုံးသွားသည်။

မြားတစ်စင်းနိုင်

မြားတစ်စင်း (လယ်/ဆည်)နှင့် ပြည်နယ်တိုင်း ရွှေတံဆိပ်ရှင် တိုက်အောင် (ဘီလပ်မြေစက်ရုံ)တို့ပွဲတွင် ပထမအချီ၌ လက်သီးချင်းယှဉ်ကြရာ မြားတစ်စင်း၏ ညာဖြောင့်နှင့် တိုက်အောင်၏ညာဝိုက်တစ်ပြိုင်နက်ထိကြပြီး မြားတစ်ဆင်းအနားတောင်းလိုက်ရသည်။ ဆက်လက် ယှဉ်ပြိုင်ကြရာတွင် ဒုတိယအချီ ၁ မိနစ် ၄၃ စက္ကန့်၌ မြားတစ်စင်း၏ ညာဝိုက်နှင့် ညာပတ်ခြေထိသည့်အတွက် တိုက်အောင် အနားတောင်းရပြီး ဘယ်ထောက်လက်သီးနှင့် ညာပတ်ခြေကြောင့်ပင် တိုက်အောင် အမှတ်စဉ် ရေတွက်ခံရပြန်သည်။ နှစ်ဦးသား ပူးချုပ်မိရာ၌ အရပ်နိမ့်သော တိုက်အောင်က လျှော၍ ထိုင်ချရာ မြားတစ်စင်း၏ ဒူးကြောင့် အထိနာနေသည်။ တတိယအချီ ၁၉စက္ကန့်တွင် လုံးထွေးနေရာမှ တိုက်အောင်က နောက်လှန်အလျှောတွင် မြားတစ်စင်းက ဘယ်ဒူးဖြင့် မျှောလိုက်သည့်အတွက် တိုက်အောင်ပြန်မထနိုင်တော့ဘဲ ရှုံးသွားရသည်။

ရွှေတံဆိပ်ဆုရှင်နှစ်ဦး

ပြည်နယ်တိုင်း ရွှေတံဆိပ်ရှင်နှစ်ဦး ဖြစ်ကြသော ဘီလပ်မြ မောင်မောင်နှင့် ဒေါ်ဂျစ်(လယ်/ဆည်) တို့ တွေ့ကြသည့်ပွဲ၌ ဒေါ်ဂျစ်က ဘယ်နင်းခြေနောက်တွင် ဘယ်ထောက်လက်သီးဖြင့်လိုက်ပြီး မောင်မောင်က ပူးချုပ်၍ သဲ့ဒူးများသုံးသည်။ ဒေါ်ဂျစ်၏ ဘယ်ညာဖြောင့်လက်သီး တည်ထိုးချက်များ ထိရောက်လှပြီး မောင်မောင်၏ ညာတံတောင် နောက်ပြန်ရိုက်ချက်များက အပိုင်မထိဖြစ်နေသည်။

မောင်မောင် ရှုံး

ဒေါ်ဂျစ်၏ ဘယ်ညာတွဲလုံးနှင့် ချုပ်ဒူးဒဏ်ကို မောင်မောင် မခံနိုင်တော့၍ တတိယအချီ ၂မိနစ် ၅၇စက္ကန့်၌ အရှုံးပေးလိုက်ရသည်။

ယခုပွဲစဉ်၏ နောက်ဆုံးပွဲအဖြစ် လိုက်ဝိတ်တန်းစဉ် ထပ်ဆင့်ရွှေခါးပတ် ချန်ပီယံ (၂၀၀၀-၂၀၀၆) ဝင်းထွန်း (လယ်/ဆည်)နှင့် ၎င်းထက် ဝိတ်တန်းနှစ်ဆင့်ကြီးသော ကျော်ငြိမ်း (သထုံ)တို့ တွေ့ကြရာ ဝင်းထွန်း၏ ဘယ်ထောက် ညာဖြောင့်များက ကျော်ငြိမ်းမျက်နှာ အပိုင်ထိသည်။ ကျော်ငြိမ်း၏ ဘယ်တစ်လုံးညာတစ်လုံး အပိုင်ထိုးချက်များကို ဝင်းထွန်း နောက်လှန်ရှောင်ရင်း ညာခြေအမြင့် ကန်လိုက်ရာ ကျော်ငြိမ်း နားထင်ကိုမှန်၍ ယိုင်လဲကျပြီး အမှတ်စဉ် ရေရသည်။

ဝင်လုံးချုပ်ညှစ်

ကျော်ငြိမ်းက အားဖြင့် ဖိထိုးသော်လည်း လက်သီးများလွဲ၍ ဝင်းထွန်းက အထိမနာ။ ဝင်းထွန်းက သူ့ထက် ခွန်အားနှင့် လူကောင်သာသော ကျော်ငြိမ်းကို အပူးမခံဘဲ ညာဒူးပုံပစ်၍ ညာတံတောင်ရိုက်ခြင်း၊ ထောက်ထိုး၊ လှည့်ထိုးခြင်းများဖြင့် နှံ့ဖြိုသော်လည်း ကျော်ငြိမ်းက အမာခံ၍ ဝင်လုံးကာချုပ်ညှစ်သည့်အတွက် ဒုတိယအချီနောက်ပိုင်းတွင် ဝင်းထွန်း အနည်းငယ်အားပျော့လာသည်။

ကျော်ငြိမ်းရှုံး

စတုတ္ထအချီနှစ်မိနစ် လေးစက္ကန့်တွင် ကျော်ငြိမ်း၏ ရှေ့ခင်း ဘယ်ခြေအား ဝင်းထွန်းက ညာခြေဖြင့် အပိုင်ရိုက်ချရာ ကျော်ငြိမ်း ခြေညှတ်ကျပြီး အနားတောင်းလိုက်ရသည်။ ပြန်အတည်တွင်လည်း ကျော်ငြိမ်းက ဘယ်ခြေပင် ရှေ့ခင်းပြန်ရာ ဝင်းထွန်းက ထိုခြေကို ဘယ်ခြေဖြင့် အတွင်းခတ်ပြီးညာခြေဖြင့် အပြင်ခတ်လိုက်ရာ ကျော်ငြိမ်းဘယ်ခြေ မခံနိုင်တော့ဘဲ စတုတ္ထအချီ ၂မိနစ် ၂၆စက္ကန့်၌ အရှုံးပေးလိုက်ရတော့သည်။

ယခုပွဲကို ပထမနေ့ပွဲထက် ပရိသတ် ပိုမိုလာရောက်အားပေးသည်ကို တွေ့ရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၅-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၁၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၅	၇။	အဆိုပြိုင်ပွဲ
၈း၃၀	၈။	International News.
၈း၄၅	၉။	Granmar Made Easy.
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	Practice In Reading.
၄း၄၅	၄။	တေးဂီတအစီအစဉ်
၅း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သင်္ချာအထူးပြု)(သင်္ချာ)
၅း၁၅	၆။	အကပဒေသာ
၅း၂၅	၇။	မြန်မာစာ၊ မြန်မာစကား
၅း၃၅	၈။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၄၅	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅း၅၀	၁၀။	**“ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ” (ဆုပန်ထွာ၊ ပွင့်၊ ဝွမ်းပုံကြီး) (ဒါရိုက်တာ-ကြည်စိုးထွန်း)**
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၀	၁၂။	မိုးလေဝသအခြေအနေ
၆း၁၅	၁၃။	အလှရှာမယ်လှကမ္ဘာဝယ်
၇း၀၀	၁၄။	မှုဟန်သွယ်သွယ်ဆိုကြမယ်
၇း၁၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သစ္စာဘဝ ပင်ခြားသော်လည်း” (အပိုင်း-၂၀) (ဇာတ်သိမ်းပိုင်း)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ရေသူမလေး ဒုတိယချစ်ပုံပြင်” (အပိုင်း-၁၁)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

အင်တာနက် အားကစား သတင်းများ

အက်ဖ်အေဖလားဆွတ်ခူးရရှိမှု ဖရန့်ခ်လမ်းပတ် ဂုဏ်ယူ

လန်ဒန် မေ ၂၀

မိမိ၏အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းကို အနိုင်ရရှိကာ အက်ဖ်အေဖလားကို ဆွတ်ခူးရရှိခြင်းမှာ မိမိတို့၏ အနိုင်မခံအရှုံးမပေးသည့် စိတ်ဓာတ်ကြောင့် ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းမှ ဖရန့်ခ်လမ်းပတ်က ယနေ့ပြောကြားသည်။

မေ ၁၉ ရက်က အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် အနိုင်ရရှိပြီးနောက် အောင်ပွဲခံနေသော ဖရန့်ခ်လမ်းပတ်(ယာ)**နှင့် ဂျွန်တယ်ရီတို့အား တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

အနိုင်ရ

စနေနေ့က ကျင်းပသော အက်ဖ်အေဖလားဗိုလ်လုပွဲတွင် အချိန်ပိုကစားချိန်တွင် ဒစ်ဒီယာဒရော့ဘာ၏ ဂိုးနှင့်အတူ ချယ်လ်ဆီးအသင်း အနိုင်ရရှိခဲ့ပြီး ယင်းအသင်းအတွက် ဒုတိယမြောက် ဆုဖလားကို ရရှိခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲနှင့် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတို့တွင် အကောင်းဆုံးရလဒ်များကို မရခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီအတွက် အရေးပါသော အောင်မြင်မှုတစ်ရပ်အဖြစ် အက်ဖ်အေဖလားကို ရရှိလိုက်သည်။

အက်ဖ်အေဖလား ရရှိခြင်းမှာ မိမိတို့အတွက် ထိုတ်ထိုတ်တန်တန်ပင်ဖြစ်ကြောင်း လမ်းပတ်ကပြောကြားသည်။ ***အင်တာနက်***

ချန်ပီယံလိဂ် ဗိုလ်လုပွဲတွင် အလွန်ဆို ပါရန်မရေရာ

လီဗာပူး မေ ၂၀

ဗုဒ္ဓဟူးနေ့တွင် အေစီမီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ် ဗိုလ်လုပွဲတွင် မိမိအား ပါဝင်ကစားခွင့်ပေးရန် မရေရာသည့် အခြေအနေဖြစ်ပေါ်နေမှုကို မိမိစိတ်ပျက်မိကြောင်း၊ လီဗာပူးအသင်းမှ ဇာဘီအလွန်ဆိုက ယနေ့ ပြောကြားသည်။

စပိန်ဘောလုံးသမား အလွန်ဆိုသည် ဥရောပတွင် အကောင်းဆုံး ကွင်းလယ် ကစားသမားအဖြစ် သတ်မှတ်ခံခဲ့ရသူဖြစ်သည်။

သို့ရာတွင် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲအဖြစ် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် အလွန်ဆိုအား မန်နေဂျာ ဘင်နီတက်ဇ်က ချန်လှပ်ထားခဲ့သည်။

အသက် (၂၆)နှစ်အရွယ်ရှိ အလွန်ဆိုကို အဆိုပါပွဲတွင် ထည့်မသုံးဘဲ ၎င်းအစား ဟာဗီးယားမက်စ်ချာရာနိုအား ထည့်သုံးခဲ့ခြင်းအတွက် အံ့အားသင့်ခဲ့ကြသည်။

လီဗာပူးအသင်းမှ ဇာဘီအလွန်ဆို (ယာစွန်)။

(ဓာတ်ပုံ-အင်တာနက်)

ချန်ပီယံလိဂ် ဗိုလ်လုပွဲတွင် မိမိအား ဦးစားပေးဘောလုံးသမားအဖြစ် အသုံးပြုရန်ရှိ၊ မရှိ ဘင်နီတက်ဇ်မည်သို့ ဆုံးဖြတ်မည်ကို စောင့်စားလျက်ရှိကြောင်း အလွန်ဆိုက ပြောကြားသည်။

အင်တာနက်

နာမည်ကြီးဘောလုံးသမား ချယ်လ်ဆီးမခေါ်သေး

လန်ဒန် မေ ၂၀

လက်ရှိဘောလုံးရာသီကုန်ဆုံးချိန်ကာလအတွင်း မိမိတို့အသင်းသို့ မည်သည့် နာမည်ကြီးဘောလုံးသမားကိုမျှ ခေါ်ယူမည်မဟုတ်ကြောင်း ချယ်လ်ဆီးအသင်းအမှုဆောင်အရာရှိချုပ် ပီတာကင်ယွန်က ယနေ့ပြောကြားသည်။

သို့ရာတွင် လာမည့်ဘောလုံးရာသီ မစတင်မီ ချယ်လ်ဆီးအသင်း၌ ဘောလုံးသမား အဝင်၊ အထွက်ရှိမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

မိမိတို့အသင်းသည် ခိုင်မာတောင့်တင်းသည့် အသင်းတစ်သင်းဖြစ်ကြောင်း၊ လာမည့်ဘောလုံးရာသီတွင် ပိုမိုစွမ်းဆောင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်***

ဗုဒ္ဓဂယာကျောင်းတော် ပဋ္ဌာန်းပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းထောင့်ရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဒုတိယအကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲတော်ကြီးကို အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြန်မာကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၏ စေတနာ ဆန္ဒသြဝါဒ မေတ္တာတော်နှင့်အညီ မဇ္ဈိမရဟန်းတော်များနှင့် ပြည်တွင်းပြည်ပ ပင့်သံဃာ အပါး ၃၀တို့က သုံးရက်တိုင် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

အဆိုပါ ပဋ္ဌာန်းပူဇော်ပွဲကို ၁၃၆၉ ခုနှစ် နယုန်လဆန်း ၁၂ ရက် တနင်္ဂနွေနေ့(၂၇–၅–၂၀၀၇) ရက် ညနေ ၅ နာရီမှ နယုန်လပြည့် (မဟာသမယအခါတော်နေ့) (၃၀–၅–၂၀၀၇)ရက် နံနက် ၆ နာရီအထိ ရွတ်ဖတ်ပူဇော်ကြမည်။ အခမ်းအနားအောင်ပွဲကို နံနက် ၈နာရီတွင် စုပေါင်းရေစက်သွန်းချ အမျှအတန်းဝေကာ နံနက် ၉နာရီတွင် တည်ဆောက်နေဆဲ ဗုဒ္ဓဂယာမဟာဗောဓိစေတီ ကုန်းတော် အနောက်ဘက်၌ မဟာဗောဓိပင်စိုက်ပျိုးခြင်းအခမ်းအနားကို ပူးတွဲကျင်းပမည်ဖြစ်ရာ စေတနာရှင်များ အနေဖြင့် ကြွရောက် ကြည်ညိုနိုင်ကြရန် ဖိတ်ကြားထားကြောင်းနှင့် ဖုန်း–၅၃၇၅၉၇၊ ၀၉–၅၁၇–၆၄၅၀၊ ၀၉–၅၁၉–၁၁၄၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

လူငယ်နှင့် အသက်မွေးဝမ်းကျောင်းပညာရေး ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန် လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းစီစဉ်မှု Toyo Battery ၏ ပံ့ပိုးကူညီမှုဖြင့် မေ ၂၆ရက် (စနေနေ့)မွန်းလွဲ ၂နာရီခွဲတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဆရာ ဦးကျော်နီခင် (Chindwin Technical College) မှ လူငယ်နှင့် အသက်မွေးဝမ်း ကျောင်း ပညာရေးခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် ချစ်ကြည်ရေး လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည့် အိန္ဒိယ တက္ကသိုလ် ချန်ပီယံအသင်းအား မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ်မှ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပွဲကို မေ ၁၉ရက်က ကရဝိက်နန်းတော်တွင် ကျင်းပရာ မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း အိန္ဒိယတက္ကသိုလ်အသင်းအား အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

(ကြေးမုံ)

ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ အမှတ်(၇၇–စီ)နေ
ဦးဖေတင်–ဒေါ်နုနုဆွေ(မန်နေဂျင်းဒါရိုက်တာ၊ ရွှေဂန္ဓဝင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)တို့၏သားဦး

မောင်မျိုးသီဟ

B.Sc(Zoo), (ရွှေဂန္ဓဝင် မြန်မာမှုလုပ်ငန်း)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)၊ ရွှေနှင်းဆီရိပ်သာလမ်းနေ
ဦးကျော်လွင် [Petronas Carigali Myanmar(H.K)Co.,Ltd.]–ဒေါ်ရီရီလွင်(မြို့ပြအင်ဂျင်နီယာ၊ဆည်မြောင်း–ငြိမ်း)
(မန်နေဂျင်းဒါရိုက်တာ၊ မြန်မာရွှေစုကုမ္ပဏီလီမိတက်)တို့၏ တစ်ဦးတည်းသောသမီးထွေး

ဒေါက်တာမြတ်စုလွင်

B.D.S(Ygn), 1st Year Postgraduate in Dental Studies (Cardiff, U.K), Cert. in Immunology, Dip in Global English, Dip in Gem(Hons:)

တို့၏ ၁၇–၅–၂၀၀၇(ကြာသပတေးနေ့)တွင် Sedona Hotel (Grand Ballroom)၌ မင်္ဂလာညီ့ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့်ဇနီး ဒေါ်ခင်ဝင်းအားလည်းကောင်း၊ အသိသက်သေအဖြစ် ဆောင်ရွက်ပေးသော ဦးမြင့်ဝေနှင့် ဇနီး ဒေါ်လှရွှေအောင်၊ ဦးမင်းဇော်(ညွှန်ကြားရေးမှူး–M.O.G.E၊ ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သန်းညွန့် အားလည်းကောင်း၊ ၁၉–၅–၂၀၀၇(စနေနေ့)တွင် Sedona Hotel (Grand Ballroom)၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် အောင်မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို) စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေးအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ပါမောက္ခချုပ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မှ ဒေါက်တာဘမြင့်နှင့်ဇနီး ဒေါ်ခင်စန်းထွေးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ အဝေးမှ လက်ဖွဲ့ပေးပို့ကြပါသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ မေတ္တာဖြင့် စိန်ရတနာများဆင်မြန်းပေးသော ပွင့်ဖြူရတနာဆိုင်မှ ဦးမျိုးဝင်းနှင့်ဇနီး အစ်မဒေါက်တာယုနွယ်ဝင်းအားလည်းကောင်း၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသောတေးသံရှင် ရတနာဦးနှင့်အင်ပါယာတေးဂီတအဖွဲ့သားများအားလည်းကောင်း၊ သတို့သားအရံ မောင်ဗညားသိုက်နောင်နှင့် မောင်နိုင်ဦးအောင်၊ သတို့သမီးအရံ မထွန်းထွန်းထက်နှင့် မပိုင်းမေသူ၊ မင်္ဂလာပန်းကြဲပေးသော သရုပ်ဆောင် ပုလဲဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကိုင်ဆောင်ပေးသော အဆိုတော် ရတနာမိုင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသောသရုပ်ဆောင် ဇင်ဇင်ဇော်မြင့်၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးရှင် စိုးစိုး+ဒီဇင်ဘာနှင်း၊ ပန်းအလှနီနီပွိုင့်နှင့် မြတ်အဖွဲ့၊ မင်္ဂလာဝတ်စုံများစီစဉ်ပေးသော သက်သက်နှင့် မျိုးမျိုး၊ မေတ္တာဖြင့် ဗီဒီယိုရိုက်ကူးပေးသော မျက်ချယ်ဗီဒီယိုထုတ်လုပ်ရေးမှ ဦးဝင်းနိုင်နှင့် မျက်ချယ်အဖွဲ့သားများအား လည်းကောင်း၊ မေတ္တာဖြင့် ဓာတ်ပုံဗီဒီယိုရိုက်ကူးပေးသော မောင်မောင်ညှပ်နှင့်အဖွဲ့အားလည်းကောင်း၊ ဗီဒီယိုဓာတ်ပုံစိုင်းဘုန်းထူးနှင့်အဖွဲ့၊ အလှဓာတ်ပုံ Slide Showရိုက်ကူးပေးသော Forever Group အားလည်းကောင်း၊ ၂၀–၅–၂၀၀၇(တနင်္ဂနွေနေ့)ည မင်္ဂလာညစာစားပွဲ အခမ်းအနားတွင် အခမ်းအနားမှူး ဦးရန်ပိုင်စိုးနှင့် တေးသံသာဖြင့် ဖျော်ဖြေပေးသော ဥက္ကာဦးသာနှင့် အဖွဲ့အားလည်းကောင်း၊ Sedona Hotelမှ မန်နေဂျာနှင့် ညီမငယ်လီလီ၊ ဝန်ထမ်းများအား လည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးသီဟ–ဒေါက်တာမြတ်စုလွင်

လေးပွင့်ဆိုင်ခြေစမ်းဘောလုံးပွဲစတင် အဝါရောင်အသင်းက အပြာရောင်အသင်းကိုနိုင်

ရန်ကုန် မေ ၂၀

၂၀၀၇ ခုနှစ်အတွင်း ကျင်းပမည့် နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာယူ–၂၃ လူငယ်အသင်းများ ရွေးချယ်ဖွဲ့စည်းရန် လေးပွင့်ဆိုင်ခြေစမ်းပွဲ ပထမပွဲစဉ်ဖြစ်သည့် အဝါရောင်အသင်းနှင့် အပြာရောင်အသင်းတို့၏ပွဲကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်းတွင်ကျင်းပရာ အဝါရောင်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အဝါရောင်အသင်း တစ်ဂိုး
(အောင်ဝင်းနိုင်)
အပြာရောင်အသင်း ဂိုးမရှိ
ဒိုင်လူကြီး ဦးဝင်းချို

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင် အနိုင်ရရှိသွားသည့် အဝါရောင်အသင်းအား ကျပ်သုံးသိန်းချီးမြှင့်ရာ အသင်းခေါင်းဆောင် အောင်အောင်ဦး လက်ခံရယူစဉ်။

(ကြေးမုံ)

အပြာရောင်အသင်း တိုက်စစ်မှူး ရန်ပိုင်က အဝါရောင်အသင်း နောက်ခံလူ သူရအောင်နှင့် ဝင်းဇော်အောင်တို့ နှစ်ဦးကြားမှ ထိုးဖောက်တိုက်စစ်ဆင်ရန် ကြိုးပမ်းစဉ်။ (ကြေးမုံ)

မြန်မာ့လက်ရွေးစင် ဟောင်းများဖြစ်ကြသည့် ရန်ပိုင်၊ ကျော်ခိုင်ဝင်း၊ ထွန်းထွန်းဝင်း၊ အောင်ကျော်ထွန်းနှင့် စိုးလင်းထွန်းတို့ ပါဝင်လာသော အပြာရောင်အသင်းမှာ ခြေအသာဖြင့်ကစားနိုင်ခဲ့သော်လည်း ရရှိသည့် အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍ အရေးနိမ့်ခဲ့ရခြင်း ဖြစ်သည်။ အောင်အောင်ဦး (ဂိုး) နှင့် အောင်ဝင်းနိုင်တို့ ဦးဆောင်ပြီး အောင်ကျော်မျိုး၊ အောင်မိုးစသည့် လူငယ်ကစားသမားအများစု ပါဝင်လာသော အဝါရောင်အသင်းမှာ အပြာရောင်အသင်းနှင့် ပညာ၊ သမ္မာချင်းကွာသော်လည်း ကစားအား၊ သက်လုံတို့ကောင်း၍ ဒုတိယပိုင်းတွင် ကစားကွက်အသာဖြင့် ပြန်ကစားနိုင်ခဲ့ပြီး အနိုင်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မိနစ် ၂၀ နောက်ပိုင်းတွင် အပြာရောင်အသင်း ကစားအား ကျသွား၍ အဝါအသင်း ပိုမိုဖိကစားနိုင်ခဲ့သည်။ အပြာရောင်အသင်းတွင် မူလက ကစားရန်ရွေးချယ်ထားသည့် ကစားသမားအချို့မှာ ယူ–၂၃ (အနီ) အသင်းက ပြန်လည်ရွေးချယ်သွားခြင်း၊ ဒဏ်ရာရ ကစားသမားများ ပါဝင်နေခြင်းကြောင့် ကစားအားတင်ရန် လူစားလဲဖို့ လိုအပ်ချိန်တွင် အရန်အင်အားနည်းပါးနေ၍ လူစားလဲကစားနိုင်ခဲ့ခြင်းမရှိပေ။ အဝါရောင်အသင်းမှာ ဒုတိယပိုင်းအစမှစ၍ လူစားလဲကာ ကစားခဲ့သဖြင့် ကစားအား မကျဘဲ ပွဲကို ထိန်းကစားသွားနိုင်ခြင်းဖြစ်သည်။

ယနေ့ ကစားသွားသော အသင်းနှစ်သင်းတွင် မူလက ရွေးချယ်ထားသည့် လူစာရင်း အပြောင်းအလဲအချို့ ရှိခဲ့သည်။ အဝါရောင်အသင်းတွင် မူလက ရွေးချယ်ထားသည့် ခင်မောင်ထွန်းမှာ ဒဏ်ရာရနေသဖြင့် ဝင်းဇော်အောင်(မြို့တော်စည်ပင်)အား အစားထိုး ရွေးချယ်ခဲ့သည်။ အပြာရောင် အသင်းတွင်လည်း တိုက်စစ်မှူး စည်သူသန်းနှင့် နောက်ခံလူ မျိုးဇော်ထွန်းတို့ကို အနီအသင်းက ထပ်မံရွေးချယ်သွားပြီး စိုးမြတ်မင်းမှာလည်း ဒဏ်ရာရနေ၍ ယနေ့ပွဲတွင် ပါဝင်ကစားနိုင်ခြင်း မရှိခဲ့ပေ။ ထို့ပြင် အလယ်တန်း ကစားသမား အောင်မြင့်အေးမှာ အသင်းသို့ ရောက်ရှိလာခြင်း မရှိဘဲ မျိုးဝင်းထွဋ်အား အားဖြည့်ရွေးချယ်ထားသည်ဟု သိရသည်။

ပါဝင်ကစား

အဝါရောင်အသင်းတွင် ဂိုး–အောင်အောင်ဦး (ဖြိုးမင်းမောင်)၊ နောက်တန်း – ထက်အောင်၊ ဝင်းဇော်အောင် (တိုးမြင့်လှိုင်)၊ ကျော်ဇေယျာမင်း (သူရအောင်)၊ အောင်ဝင်းနိုင် (မျိုးဇော်ဦး)၊ အလယ်တန်း–စိုးမင်းဦး၊ (ကျော်ကျော်ခိုင်)၊ ကျော်ဇင်ဝင်း (ထွန်းလင်းအောင်)၊ ကျော်သက်ဦး (အောင်ထွန်းလင်း)၊ ညီညီစိုး၊ အောင်မိုး၊ ရှေ့တန်းတွင် အောင်ကျော်မျိုးတို့ ပါဝင်ကစားသွားကြပြီး အပြာရောင်အသင်းတွင် ဂိုး–သီဟစည်သူ၊ နောက်တန်း–ချမ်းချမ်း၊ ဝင်းမင်းထွဋ်၊ မင်းကိုကို၊ ကျော်ခိုင်ဝင်း၊ အလယ်တန်း–စိုးလင်းထွန်း၊ ထွန်းထွန်းဝင်း၊ အောင်ကိုမင်း၊ အောင်ကျော်ထွန်း၊ ရှေ့တန်း–ရန်ပိုင်နှင့် ဟိန်းရာဇာဝင်း (ညွန့်ဝင်း)တို့ ပါဝင်ကစားသွားကြသည်။

ချီးမြှင့်

ပွဲအပြီးတွင် မြန်မာနိုင်ငံ ဘောလုံးအချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က အနိုင်ရသွားသော အဝါရောင် အသင်းအား ကျပ်သုံးသိန်း၊ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးတင်အောင်(ဂိုး)က အပြာရောင် အသင်းအား ကျပ်တစ်သိန်း ပေးအပ်ချီးမြှင့်သည်။

လေးပွင့်ဆိုင် ခြေစမ်းပွဲတွင် အနိုင်ရသော အသင်းအား ကျပ်သုံးသိန်း၊ ရှုံးသောအသင်းအား ကျပ်တစ်သိန်းနှင့် တစ်ဂိုးသွင်းတိုင်း ကျပ်နှစ်သောင်း ချီးမြှင့်မည်ဟု သိရှိရသည်။

ယနေ့ပွဲ
ညနေ ၄ နာရီ
အောင်ဆန်းကွင်း
အနီရောင်အသင်းနှင့်
အဖြူရောင်အသင်း
(ကြေးမုံ)

နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်း တာမွေမြို့နယ် ကျားကွက်သစ် (စံပြ)ရပ်ကွက်တွင် နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ကျားကွက်သစ်၊ (စံပြ)ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီရုံး၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဦးစီးဌာနမှူး ဦးလှဒေါင်းက နိုင်ငံသားစိစစ်ရေးကတ်ပြားလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နိုင်ငံသား စိစစ်ရေးကတ်ပြားများအား ပြည်သူများ လက်ဝယ်သို့ ပေးအပ်သည်။**(အောက်ပုံ)**

ယင်းနောက် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအောင်ဇော်သန့်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဦးစီးဌာနမှူးနှင့်အဖွဲ့သည် တာမွေမြို့နယ်အတွင်းရှိ ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ မလွှကုန်းငွေကြွယ်ရပ်ကွက်၊ ဗျိုင်းရေအိုစင် ရွာမရပ်ကွက်၊ မာန်အောင်ရပ်ကွက်များ၌ လူဝင်မှုကြီးကြပ်ရေး ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ လုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုသည်။ (က–ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး စက်အား၊ လူအားဖြင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စက်အား၊ လူအားတို့ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၆နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ဝဇီယာလမ်း၌ အရှည်ပေ ၆၄၀၀၊ အကျယ် ၁၁ ပေ၊ အမြင့် ငါးပေရှိ ငမိုးရိပ်ချောင်းမြေသားတမံကို စက်ယန္တရားကြီးများဖြင့် မြေဖို့ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာတာဝန်ရှိသူများက အရှည်ပေ ၅၅၀အထိ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေမှုတို့ကို မြေပုံ၊ စာရင်းဇယားများဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်ရှိ ခါတော်မိဓမ္မာရုံသို့ရောက်ရှိပြီး ဓမ္မာရုံဩဝါဒါစရိယ ဆရာတော်ကြီးအမှူးပြုသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား ဖူးမြော်ကြည်ညိုပြီး ရပ်ကွက်များ၊ ဘုန်းတော်ကြီးကျောင်းများအတွင်း ရေမဝပ်စေရေးအတွက် ရေထုတ်မြောင်းများ တူးဖော်နေမှုနှင့် နိမ့်ကျနေသောတာများကို မြေပြန်ဖို့ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုကို ဆရာတော်များအား လျှောက်ထားသည်။ အများအကျိုး ဆောင်ရွက်ခြင်းဖြစ်၍ ဆရာတော်များက ဆုတောင်းမေတ္တာ ပို့သပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ မြို့တော်ဝန်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြောက်ဥက္ကလာပမြို့နယ် ဝဇီယာလမ်း၌ ငမိုးရိပ်ချောင်း မြေသားတမံအား စက်ယန္တရားဖြင့် မြေဖို့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ဘိုင်းဒါးရေလွှဲဆည် ဖွင့်ပွဲအခမ်းအနားကျင်းပ ဒေသစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး အထောက်အကူပေးနိုင်ပြီး မြွန်တန်ဆာလွင်ပြင် ရေလွှမ်းမိုးမှုလျော့ပါးသွားအောင် ကာကွယ်ပေးနိုင်မည်

နေပြည်တော် မေ ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)က ပဲခူးတိုင်း ပဲခူးခရိုင် ဒိုက်ဦးမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော ဘိုင်းဒါးရေလွှဲဆည် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် အဆိုပါရေလွှဲဆည်အနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံတောင်သူလယ်သမားများနှင့် ပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ ဘိုင်းဒါးရေလွှဲဆည်၏ ရေပေးမြောင်းကို ကြည့်ရှုစစ်ဆေးကြစဉ်။ (လယ်/ဆည်)

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

အလုပ်မရှိ သန်းရှာနေကြသူများ

"မိစ္ဆာဒိဋ္ဌိတို့ ထုတ်ပြန်သောစစ်တမ်းများကို အဘယ်ပေတံ၊ အဘယ်စံ၊ အဘယ်အခြေအနေတို့အပေါ် အခြေခံ၍ ကောက်ယူထုတ်ပြန်ကြသနည်း။ လောကတွင် အကောင်းအဆိုးဟူသည် ထာဝစဉ်ဒွန်တွဲလျက်ရှိသည်။ မိစ္ဆာဒိဋ္ဌိတို့၏ စံပြုတိုင်းတာချက်သည် လူဦးရေ ၅၅သန်းကျော်ရှိသည့် မြန်မာနိုင်ငံသားတို့အား ကိုယ်စားမပြုနိုင်ကြောင်း သချ်ာဗေဒသဘောတရားအရ ရှင်းလင်းစွာနားလည်သင့်သည်"

သင်ကိုယ်သူ၏ **"အလုပ်မရှိ သန်းရှာနေကြသူများ"**

(ဆောင်းပါး) စာမျက်နှာ-၃